# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၁၅ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကစားမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန် အကျနေ့ဖြစ်သော ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ၊ အရာရှိစစ်သည်၊ မိသားစုများ မဟာသင်္ကြန် ရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွဲလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များက သီဆိုကပြဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

*စာမျက်နှာ ၅ ကော်လံ ၁* ◆


## ယနေ့ ဖတ်စရာ

**သင်္ကြန်အကြိုနေ့ ငွေဆောင်ကမ်းခြေ၌ အပန်းဖြေလာရောက်သူများဖြင့် စည်ကားလျက်ရှိ**



ပြည်တွင်းသတင်း | စာ - ၇

**၂၀၂၃ ခုနှစ် ဩဇာလွှမ်းမိုးမှုအရှိဆုံး လူ ၁၀၀ စာရင်းတွင် ဂျပန်ဝန်ကြီးချုပ်ကို တိုင်းမ်မဂ္ဂဇင်းက ထည့်သွင်းဖော်ပြ**



နိုင်ငံတကာသတင်း | စာ - ၁၃

**ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ အဓိက တင်ပို့နေရ**

ကုန်သွယ်စီးပွား | စာ - ၁၆

**သင်္ကြန်အကျနေ့တွင် မြိတ်ကျွန်းစုရှိ စမတ်ကျွန်းနှင့် လေးကျွန်းသို့ ခရီးသွားများနှင့် ဒေသခံများ စိတ်အေးချမ်းသာစွာ ကျွန်းအပန်းဖြေခရီးသွားရောက်လည်ပတ်ကြ**

ပြည်တွင်းသတင်း | စာ - ၂၅



# လျစ်လျူရှုခဲ့ကြသည့် ဖြစ်စဉ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် PDF အကြမ်းဖက်ဌာနချုပ် NUG ရုံးဖွင့်ပွဲကျင်းပရာနေရာကို တပ်မတော်က လေကြောင်းအကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းမှု ဆောင်ရွက်ခဲ့သည့်သတင်းကို ခိုင်လုံသောအချက်အလက်သက်သေအထောက်အထားများ ပြည့်စုံစွာဖြင့် ပြည်တွင်းရှိ မီဒီယာများမှ စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိသည်။ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG နှင့် ၎င်း၏လက်ဝေခံ PDF အကြမ်းဖက်အဖွဲ့က ၎င်းတို့အထိနာခဲ့သည့် ပဇီကြီးဖြစ်စဉ်ကို နိုင်ငံရေးအမြတ်ထုတ်နိုင်ရန်အတွက် ဖန်တီးနေသကဲ့သို့ပင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူနှင့် နိုင်ငံအချို့တို့ကလည်း တရားဝင်ထုတ်ပြန်သည့် ဖြစ်စဉ်အမှန်ကို လျစ်လျူရှု၍ ကန့်ကွက်ရှုတ်ချမှုများ ပြုလုပ်ခဲ့ကြသည်။

ပဇီကြီးကျေးရွာအနီးတွင် အကြမ်းဖက်ဌာနချုပ်ရုံးကို တိုက်ခိုက်ခဲ့ရာတွင် ကျေးရွာနှင့် အကွာအဝေးကို တွက်ချက်ပြီး အပြစ်မဲ့ပြည်သူများ မထိခိုက်စေရေးအတွက် လေကြောင်းမှ အကန့်အသတ်ဖြင့်သာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများမှာ အကြမ်းဖက်ခေါင်းဆောင်နှင့်အဖွဲ့ဝင်များဖြစ်ကြောင်း ဒေသခံပြည်သူအချို့ထံမှ လျှို့ဝှက်သတင်းပေးပို့ချက်များအရ သိရှိရသည့်အပြင် အွန်လိုင်းတွင် ထွက်ပေါ်လာသော အသံဖိုင်များ၊ ရုပ်/သံဖိုင်များအရလည်း အကြမ်းဖက်စခန်းတွင် ခင်းကျင်းပြသထားသော မိုင်းများ၊ ခဲယမ်းများ ထပ်မံပေါက်ကွဲခြင်း၊ ရုံးဖွင့်ပွဲအခမ်းအနားနှင့် ကျေးရွာအနီးတွင် ပတ်လည်ထောင်ထားသော မိုင်းတွင်းများကို ပြေးလွှားနင်းမိ၍ ပေါက်ကွဲခြင်း၊ ပဒေသာမိုင်းများ ထပ်ဆင့်ပေါက်ကွဲခြင်းတို့ကြောင့် သေဆုံးမှုပမာဏများပြားခဲ့ခြင်းဖြစ်သည်။

ပဇီကြီးကျေးရွာအနီးတွင် အခြေချတည်ဆောက်လာသည့် NUG/PDF ရုံးသည် အကြမ်းဖက်ဌာနချုပ်ဖြစ်ပြီး စစ်ရေးပစ်မှတ်တစ်ခုလည်း ဖြစ်သည်။ အဆိုပါ အကြမ်းဖက်စခန်းကို အခြေပြုသည့် KIA သောင်းကျန်းသူများနှင့် PDF အကြမ်းဖက်သမားများသည် ယမန်နှစ် ဧပြီ ၄ ရက်နေ့က ပင်လည်ဘူးမြို့တွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူနှင့် ဝန်ထမ်းများ သေဆုံးဒဏ်ရာရရှိမှုအပါအဝင် ကျေးရွာများတွင် မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ ဒေသခံပြည်သူများကို ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကိုလည်း အဆက်မပြတ် ပြုလုပ်ခဲ့ကြသူများဖြစ်သည်။ ပဇီကြီးကျေးရွာ၏ ဥက္ကဋ္ဌကို PDF အကြမ်းဖက်သမားတို့က သတ်ဖြတ်ခဲ့ကြပြီး ကျေးရွာနေပြည်သူများကို အကြောက်တရားဖြင့် ထိန်းချုပ်ကာ ၎င်းတို့လိုသလို စေခိုင်းနေခဲ့ကြခြင်းလည်းဖြစ်သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သော နေရာသည် ကောင်းကင်မြေပုံအရလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများအရလည်းကောင်း ကျေးရွာပြင်ပတွင်ရှိနေပြီး ဆက်သွယ်ရေးမြောင်းများ၊ မိုင်းကွင်းများဖြင့် တည်ဆောက်ထားသည့်အပြင် အကြမ်းဖက်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ စုဝေးရောက်ရှိနေစဉ် စစ်ဘက်ပစ်မှတ်အဖြစ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပဇီကြီးအကြမ်းဖက်ဌာနချုပ်ရုံးဖွင့်ပွဲ တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ လူပုဂ္ဂိုလ်အချို့နှင့် နိုင်ငံအချို့၏ ဝေဖန်ပြောကြားမှု၊ ကန့်ကွက်ရှုတ်ချမှုတို့က ၎င်းတို့၏ အကျိုးစီးပွားတို့အတွက်သာလျှင်ဖြစ်သည်။ ကမ္ဘာ့ရေးရာများတွင် အင်အားကြီးနိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုများ၊ အမှားအယွင်းများကြောင့် အပြစ်မဲ့ပြည်သူများထောင်ပေါင်းများစွာ အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှု၊ မြို့ရွာများ ပျက်စီးခဲ့ရမှုများ မြောက်မြားစွာတို့အပေါ်တွင် နှုတ်ဆိတ်နေခဲ့ကြသူများ၊ ဘက်လိုက်၍ နားလည်မှုပေးခဲ့ကြသူများဖြစ်သည်။ မိမိတို့နိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး ဖော်ဆောင်ရာတွင် နိုင်ငံတစ်ဝန်း အေးချမ်းသာယာရေးသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အလျောက် အကြမ်းဖက်အဖွဲ့များနှင့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ တားဆီးနှိမ်နင်းမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ရာ အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီး သီတင်းသုံးရာ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိ

**မန္တလေး ဧပြီ ၁၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီးသည် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့ပြီး ကျန်းမာရေးကောင်းမွန်စွာဖြင့် မန္တလေးမြို့သို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ကြွရောက်လာရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့်အတူ အထူးကုဆရာဝန်ကြီးများ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများနှင့် ဆွေတော်မျိုးတော်များက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုဖူးမြော်ကြသည်။

ဆရာတော်ကြီးသည် MAI လေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ် မှ ထွက်ခွာလာပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မွန်းလွဲ ၂ နာရီတွင် ဆိုက်ရောက်ကာ ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် အဖွဲ့များက ခရီးဦးကြိုဆိုဖူးမြော်ကြသည်။

ထို့နောက် လေဆိပ်နားနေဆောင်၌ ဆရာတော်ကြီးသည် ခေတ္တသီတင်းသုံးကာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့်အတူ အထူးကုဆရာဝန်ကြီးများက ဆရာတော်ကြီးအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ လေဆိပ်နားနေဆောင်မှ တစ်ဆင့် ဆရာတော်ကြီး သီတင်းသုံးရာ မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အဖွဲ့များက ပင့်ဆောင်ခဲ့ပြီး ဆရာတော်ကြီး၏ကျန်းမာရေး အခြေအနေများနှင့်ပတ်သက်၍ လျှောက်ထားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဂုံရှမ်းတိုင်းရင်းသားတို့၏ (၆၁၂) ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော်ပို့ဆောင်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ဂုံရှမ်းတိုင်းရင်းသားတို့၏ (၆၁၂) ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော်ပို့ဆောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ စပ်လုံကတ်အောင်မြေနတ်နန်း၌ ကျင်းပရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံရှမ်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုံရှမ်းတိုင်းရင်းသားတို့၏ (၆၁၂)ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော်ပို့ဆောင်ပွဲတွင် နန္ဒဘေရီစည်တော်နှင့် သိကြားမင်းရုပ်တုကို ကင်မွန်းရည်၊ အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။



ထို့နောက် တက်ရောက် လာကြသူများကို သင်္ကြန်အတာရေများဖြင့် ပက်ဖျန်းကြကာ နန္ဒဘေရီစည်တော်နှင့် သိကြားမင်းရုပ်တုကိုစပ်လုံကတ် အောင်မြေနတ်နန်းမှ မြို့ အတွင်းသို့ လှည့်လည်ပြီး "လောင့်ကုပ်" နမ့်ခင်ချောင်းသို့ ပို့ဆောင်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ပို့ဆောင်ရာ လမ်းတစ်လျှောက်တွင် ဒေသခံတိုင်းရင်းသားများက စိတ်ချမ်းမြေ့စွာ သင်္ကြန်အတာရေများဖြင့် ပက်ဖျန်း၍ လိုက်ပါပို့ဆောင်ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ချောက်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကျင်းပ

**ချောက် ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ ချောက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးကျော်က နှစ်သစ်ကူးအမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ မဟာသင်္ကြန်မဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ချောက်မြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးဘိုးဘွားများကို ကန်တော့ခြင်းနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း အစီအစဉ် များကို ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ချယ်ရီသစ္စာ ပိတောက်ဝါ အတာရေသဘင်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်သို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၈၄-၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန် အကျနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနေမှုများကို သွားရောက် ကြည့်ရှုအားပေးသည်။

## ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်မိသားစု ချယ်ရီသစ္စာ ပိတောက်ဝါ အတာရေသဘင်မဏ္ဍပ်သို့ရောက်ရှိကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မိသားစု သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းများ သီဆိုဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

## အတာရေများပက်ဖျန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် ဗိုလ်လောင်းများနှင့် စစ်တက္ကသိုလ်မှ အရာရှိကြီးများအား အတာရေများ ပက်ဖျန်းကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည် မိသားစုများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

## ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ ချယ်ရီမေ အတာရေသဘင်မဏ္ဍပ်၊ ရွှေဦးကဗျာ ပိတောက်ဝါ အတာရေသဘင်မဏ္ဍပ်နှင့် ပိတောက်ကေရီ အတာရေသဘင်မဏ္ဍပ်တို့သို့ ရောက်ရှိကြပြီး တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစု သင်္ကြန်ယိမ်းအဖွဲ့များ၏

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ချယ်ရီသစ္စာ ပိတောက်ဝါ အတာရေသဘင်မဏ္ဍပ်၌ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသူများအား အတာရေများ ပက်ဖျန်းပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ချယ်ရီမေ အတာရေသဘင်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ နွေဦးကဗျာ ပိတောက်ဝါ အတာရေသဘင်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၃ မှ*
သီဆိုကပြဖျော်ဖြေမှုများ၊ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား အတာရေများ ပက်ဖျန်းပေးကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည် မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ မြန်မာ့ရိုးရာအတာသင်္ကြန် ဗဟိုမဏ္ဍပ်သို့ ရောက်ရှိကြပြီး သင်္ကြန် ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နွေဦးကဗျာ ပိတောက်ဝါ အတာရေသဘင်မဏ္ဍပ်၌ ပါဝင်ဆင်နွှဲနေကြသူများအား အတာရေများ ပက်ဖျန်းပေးစဉ်။



ချယ်ရီသစ္စာ ပိတောက်ဝါ အတာရေသဘင်မဏ္ဍပ်၌ ယိမ်းအကများဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

## ညောင်ဦးမြို့ ဗဟိုမဏ္ဍပ်၌ ကပြဖျော်ဖြေနေသည့် ယိမ်းအဖွဲ့များအား ပြည်ပနိုင်ငံသားများ စိတ်ဝင်တစားကြည့်ရှု

**ညောင်ဦး ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဗဟိုမဏ္ဍပ်၌ ကပြဖျော်ဖြေနေသည့် သင်္ကြန်ယိမ်းအဖွဲ့များကို ဒေသခံများသာမက ပြည်ပဧည့်သည်များပါ ကြည့်ရှု၍ စိတ်ဝင်စားမှုမြင့်တက်နေကြောင်း သိရသည်။

ညောင်ဦးမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရွှေစည်းခုံဘုရားအနီး ရှမ်းကုန်းရပ် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့တွင် ဗဟိုမဏ္ဍပ်ဆောက်ပြီး ယိမ်းအဖွဲ့များဖြင့် ကပြဖျော်ဖြေလျက်ရှိရာ သင်္ကြန်အကြိုနေ့ ဖွင့်ပွဲနေ့နှင့် သင်္ကြန်အကျနေ့တို့တွင် ပြည်ပနိုင်ငံသားများ စိတ်ဝင်တစားကြည့်ရှု၍ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ မှတ်တမ်းဗီဒီယိုရိုက်ကူးခြင်းနှင့်ယိမ်းအဖွဲ့များနှင့် လိုက်လံကကြခြင်းများဖြင့် စိတ်ဝင်စားနေကြကြောင်း၊ ညောင်ဦးမြို့ ဗဟိုမဏ္ဍပ်တွင် ယိမ်းအဖွဲ့ ၁၄ ဖွဲ့၊ တစ်ပင်တိုင်အကများ၊ ပုဂံမူလတန်းကြိုကျောင်း ကလေးယိမ်းအဖွဲ့တို့ဖြင့် နေ့စဉ် ကပြဖျော်ဖြေလျက် ရှိကြောင်း မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်က ပြောကြား၍ သိရသည်။

ဒီပါလင်း








## ရခိုင်ပြည်နယ် မောင်တောမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကျနေ့ စည်ကား

**မောင်တော ဧပြီ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

မောင်တောမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်တွင်လည်း ရခိုင်ရိုးရာယဉ်ကျေးမှုယိမ်းအဖွဲ့များ၊ ဧည့်သည် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ ရုပ်ရှင် သရုပ်ဆောင် သာထက်နှင့် တေးသံရှင်များက သီဆိုဖျော်ဖြေခဲ့ကြရာ ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

သက်လွင်စိုး၊ အောင်ကျော်စိန် (ပြန်/ဆက်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော် ဇေယျာသီရိရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

◆ *ရွှေဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်/ မိသားစုများနှင့်အတူ ကြည့်ရှုအားပေးပြီး ပျော်ရွှင်စွာ သင်္ကြန်ရေကစားကြသည်။

အလားတူ ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်တိုင်းမဏ္ဍပ်၊ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန မိသားစု သင်္ကြန်မဏ္ဍပ်များတွင် နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များ၊ မိသားစု သင်္ကြန်ယိမ်းအက အဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြ ဖျော်ဖြေနေမှု၊ မိသားစုများပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြပြီး သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် ယိမ်းအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့အတူ နေပြည်တော်လမ်းလျှောက်သင်္ကြန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ စိန်ပန်းမဏ္ဍပ်နှင့် မကျည်းရိပ်မဏ္ဍပ်တို့တွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကာ ရေကစားမဏ္ဍပ်များတွင် စတုဒိသာများဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထဲရေးဝန်ကြီးဌာန မိသားစုသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၌ အရာရှိ၊ စစ်သည်/မိသားစုများနှင့်အတူ ပျော်ရွှင်စွာ သင်္ကြန်ရေကစားစဉ်။




ပြည်ထဲရေးဝန်ကြီးဌာန မိသားစုသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေတင်ဆက်နေမှု။





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မဟာသင်္ကြန် အတာရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် အတာရေသဘင်ပွဲတော်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအနေဖြင့် ရိုးရာအစဉ်အလာမပျက် မြန်မာနှစ်သစ်တွင် စိတ်ခွန်အားသစ်များ ရရှိစေရန်နှင့် စိတ်အပန်းပြေပျော်ရွှင်စွာဖြင့် ရေကစားနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် အတာရေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ အကြိုနေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ယနေ့အကျနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ရုံးအမှတ် (၄၂) ဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ပျော်ပွဲရွှင်ပွဲများနှင့် စတုဒိသာ ကျွေးမွေးဧည့်ခံခြင်း အစီအစဉ်များကို ဆက်လက်ကျင်းပသည်။

အဆိုပါ မဟာသင်္ကြန် အတာရေသဘင် ပွဲတော်အကျနေ့တွင် အထူးဖိတ်ကြားထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာမူထန်၊ ဒေါက်တာကျော်ထွန်း၊ ဒေါက်တာအောင်ကျော်မင်း၊ ဦးခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသာဌေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ပျော်ပွဲရွှင်ပွဲအခမ်းအနားသို့တက်ရောက်လာကြသော ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများအား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ဌာနအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ယိမ်းအဖွဲ့များက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများသည် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ယိမ်းအကအဖွဲ့များအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ အတူတကွ ပျော်ရွှင်စွာ ရေကစားကြပြီး ဝန်ထမ်းမိသားစုများနှင့် အနုပညာရှင်များ၏ အလှအပများဖြင့် ကပြသီဆို ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ (အပေါ်ပုံ) ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ယင်းနောက် ဝန်ထမ်းမိသားစုများ၏ နိဗ္ဗာန်ဈေး (စတုဒိသာ) ကျွေးမွေးဧည့်ခံနေမှုများကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများနှင့် အတူတကွ သုံးဆောင်ကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ အနေဖြင့် ဧပြီ ၁၃ ရက် အကြိုနေ့မှ စတင်၍ ဧပြီ ၁၆ ရက် အတက်နေ့အထိ ဝန်ကြီးဌာနမဏ္ဍပ်၌ အဆို၊ အကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါနေ့ရက်များတွင် ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ စတုဒိသာများကို အမယ်စုံလင်စွာဖြင့် ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်တို့၌ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဧပြီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မဟာသင်္ကြန် အကျနေ့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် ရေသဘင်ပွဲတော်ကို တက်ရောက်အားပေးသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် ရုပ်ရှင်၊ သဘင်၊ ဂီတတို့မှ အနုပညာရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများ၊ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရန်ကုန်မြို့တော် ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေးတွင် ပြုလုပ်သည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ သွားရောက်၍ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့သည်။

ရန်ကုန်မြို့တော်မဟာသင်္ကြန် မဏ္ဍပ်နှင့် မဟာဗန္ဓုလပန်းခြံဘေးတွင် ပြုလုပ်သည့် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင်လည်း ရေလောင်းရေပက်သူများ၊ ရေပက်ခံကားများ၊ လမ်းလျှောက်ရေကစားထွက်သူများဖြင့် စည်ကားလျက်ရှိပြီး အနုပညာရှင်များ၊ ယိမ်းအဖွဲ့များမှလည်း တေးသီချင်းများ၊ အကအလှများဖြင့် နံနက်ပိုင်းမှစတင်ကာ ညပိုင်းအထိ သီဆိုကပြဖျော်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြိတ်မြို့၌ သင်္ကြန်အကျနေ့တွင် ပြည်သူများ အတာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာဆင်နွှဲ



**မြိတ် ဧပြီ ၁၄**

၁၃၈၄ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် အတာရေသဘင်ပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ သင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက် နံနက်ပိုင်းမှစတင်ကာ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို သင်္ကြန်ချစ်သူ ပြည်သူများမှ အေးချမ်းပျော်ရွှင်စွာဖြင့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်၍ အတာရေသဘင်ပွဲတော်ကို နွှဲပျော်လျက်ရှိကြပြီး လမ်းသွားလာပြည်သူများအား လူငယ်များအစုအဖွဲ့အလိုက်၊ မိသားစုအလိုက် သင်္ကြန်သီချင်းများ၊ မြူးမြူးကြွကြွ တေးသီချင်းများဖွင့်၍ နှစ်သစ်ကူးသင်္ကြန်ရေများ ပက်ဖျန်းကာ အတာရေသဘင်ပွဲတော်ကို နွှဲပျော်လျက်ရှိကြသည်။

မြိတ်မြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များက ယိမ်းအက အကအလှများ ကပြဖျော်ဖြေခြင်း၊ သင်္ကြန်တေးသီချင်းများ၊ မြူးမြူးကြွကြွ တေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်လျက်ရှိပြီး ရပ်ကွက်/ကျေးရွာများတွင်လည်း ဖျော်ဖြေရေးရေကစားမဏ္ဍပ်များ၌ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေခြင်း၊ ရေကစားခြင်းဖြင့် သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲရှိကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**





# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အတာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ လာရောက်ရေကစားကြသူများဖြင့် စည်ကား

**နေပြည်တော် ဧပြီ ၁၄**

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကျနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီးဝင်းအတွင်းရှိ မြန်မာ့ရိုးရာ အတာသင်္ကြန် ရေကစားမဏ္ဍပ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အကြီးအကဲများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် နေပြည်တော်နယ်မြေအတွင်းရှိ ပြည်သူများ လာရောက်၍ ယဉ်ကျေးပျော်ရွှင်စွာဖြင့် ရေကစားလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနများမှ ယိမ်းအဖွဲ့များနှင့် အနုပညာရှင်များက ဖျော်ဖြေခဲ့ကြကြောင်းနှင့် ရေကစားမဏ္ဍပ်အား နေ့စဉ်နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲအထိနှင့် မွန်းလွဲ ၃ နာရီ မှ ညနေ ၆ နာရီခွဲအထိ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မိသားစုလမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း အားကစားမောင်မယ်များ အတာသင်္ကြန်ပွဲတော်ကျင်းပ

**နေပြည်တော် ဧပြီ ၁၄**

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် ပွဲတော်ကာလဖြစ်သည့် ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မိသားစု လမ်းလျှောက်သင်္ကြန် ပွဲတော် အခမ်းအနားကို ယနေ့ (အကျနေ့) နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဌာနခွဲအသီးသီးမှ ကျွေးမွေးသည့် မြန်မာ့ရိုးရာ အစားအစာများကို ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့်အတူ ပျော်ပျော်ပါးပါး စားသောက်ကြပြီး လမ်းလျှောက်သင်္ကြန်(အကျနေ့)အား ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး ဌာနခွဲများမှ ဝန်ထမ်းများက မြန်မာ့ရိုးရာသင်္ကြန်သီချင်းများ၊ သင်္ကြန်အကများ၊ Fitness Dance များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့များအား ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

**ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်အားကစားလေ့ကျင့်ရေး စခန်း၊ အားကစားမောင်မယ်များ အတာသင်္ကြန်မဏ္ဍပ်၌ မြန်မာနိုင်ငံတွင် ပူးတွဲလာရောက်လေ့ကျင့်လျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံမှ ခြင်းလုံး အားကစားမောင်မယ်များ၊ မြန်မာ့လက်ရွေးစင် အားကစား မောင်မယ်များနှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်းမှ အားကစားမောင်မယ်များ၏ ပျော်ပျော်ပါးပါး ရေပက်ကစားနေမှုများကိုလည်းကောင်း၊ အားကစားအဖွဲ့များမှ အားကစားမောင်မယ်များ၏ သင်္ကြန်သီချင်း၊ သင်္ကြန်အကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာ အတာသင်္ကြန်(အကျနေ့)အား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်(အကျနေ့)အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးထွန်းမြင့်ဦးနှင့် ဇနီး၊ ဦးနေဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# သင်္ကြန်အကြိုနေ့ ငွေဆောင်ကမ်းခြေ၌ အပန်းဖြေလာရောက်သူများဖြင့် စည်ကားလျက်ရှိ

**ငွေဆောင် ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့၌ အနယ်နယ်အရပ်ရပ်မှ လာရောက်အနားယူအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ယခု ၂၀၂၃ ခုနှစ်တွင် ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ အစိုးရရုံးပိတ်ရက် ၁၀ ရက်ရှိရာ သင်္ကြန်အကြိုနေ့၌ မြို့ထဲရှိ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များတွင် ဈေးဝယ်ယူနေကြသူများ၊ ကမ်းခြေတွင် လမ်းလျှောက်ကြသူများ၊ အပန်းဖြေနေကြသူများ၊ ရေကူးကြသူများ၊ speedboat, BananaBoat စီးကြသူများ၊ ငွေဆောင်၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျ BananaBoat စီးကြသူများ၊ ငွေဆောင်၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်း၊ ဘုရားသုံးဆူနှင့် မိုးမခဆင်စခန်းသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေတွင် ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ ကမ်းခြေဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချမှုရှိစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးတို့အတွက် ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ငွေဆောင်နယ်မြေရဲတပ်ဖွဲ့စခန်း၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်း၍ ကမ်းခြေတို့၌ဆင်းကာ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မဟာသင်္ကြန်ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးကာ အတူတကွ ဆင်နွှဲ

မန္တလေး ဧပြီ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့၌ မန္တလေးမြို့သူမြို့သားများနှင့် ဝန်ကြီးဌာနများ၏ အတာသင်္ကြန်ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေး မဏ္ဍပ်များနှင့် စတုဒိသာညှော်ခံရေးမဏ္ဍပ်များသို့ သွားရောက်၍ ကြည့်ရှုအားပေးကာ အတူတကွ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။ **(ယာပုံ)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် မန္တလေးကျုံးတောင်ဘက်ခြမ်းရှိ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ မြို့သူမြို့သားများ၏ ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များတွင် ယိမ်းအဖွဲ့များ၏ အကအလှများ၊ နိုင်ငံကျော်အနုပညာရှင်များ၏ မြူးမြူးကြွကြွသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အနုပညာရှင်များ၏ မြူးမြူးကြွကြွ သီဆိုမှုသံစဉ်များနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ကခုန်အားပေးနေကြသည့် မြို့သူမြို့သားများအား နှုတ်ဆက်အားပေးခဲ့ကြပြီး လမ်းလျှောက်သင်္ကြန်ကိုလည်း ပြည်သူများနှင့် အတူတကွဆင်နွှဲကာ အတာရေများ အပြန်အလှန် ပက်ဖျန်းကြသည်။





ယနေ့တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များတွင် ရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသည့် မန္တလေးမြို့သူ မြို့သားများ၊ မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို လာရောက်လည်ပတ်ကြသည့် အများပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

မုံရွာ ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် ၁၃၈၄ ခုနှစ်၊ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ကန်သာယာဗဟိုမဏ္ဍပ်သို့ ရောက်ရှိကြသည်။ **(အောက်ပုံ)**

ဦးစွာ ဗဟိုမဏ္ဍပ်မှ ယိမ်းအကလှပျိုဖြူများ၊ နိုင်ငံကျော် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီးဌာနမဏ္ဍပ်သို့ ရောက်ရှိရာ မဏ္ဍပ်မှ ယိမ်းအက လှပျိုဖြူများက အကအလှများဖြင့် ဖျော်ဖြေကြပြီး ဖျော်ဖြေသည့် ယိမ်းအကအလှအဖွဲ့များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အဆိုတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အကျနေ့ ပါဝင်ဆင်နွှဲ

မော်လမြိုင် ဧပြီ ၁၄

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာ သင်္ကြန်ပွဲတော် အကျနေ့တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများက ဧပြီ ၁၄ ရက်တွင် မော်လမြိုင်မြို့ ကမ်းနားလမ်း ဗဟိုမဏ္ဍပ်နှင့် မွန်မင်းလမ်း အပန်းဖြေနားနေစခန်းမဏ္ဍပ်တို့တွင် ယိမ်းအကများနှင့် တေးသီချင်းများ သီဆိုနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မဟာသင်္ကြန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး နိုင်ငံကျော်တေးသံရှင်များ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များစွာဖြင့် သင်္ကြန်ကာလအတွင်း ဖျော်ဖြေမည်ဖြစ်ပြီး ဒေသခံပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲတော်အား ပါဝင်ဆင်နွှဲ

ပုသိမ် ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် သင်္ကြန်အကြိုနေ့ ညနေပိုင်းက လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ပြီး ပြည်သူများအား စတုဒိသာကျွေးမွေးနေမှုများနှင့် ကမ်းနားလမ်းတစ်လျှောက်ရှိ မဏ္ဍပ်များမှ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၏ သီဆိုဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ချစ်ကြည်ရင်းနှီးစွာ အတာရေစင်များ ပက်ဖျန်းခဲ့ကြသည်။




ဧပြီ ၁၄ ရက် နံနက်ပိုင်း သင်္ကြန်အကျနေ့တွင် ကမ်းနားလမ်းတစ်လျှောက်ရှိလမ်းလျှောက်သင်္ကြန်အပါအဝင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ မဏ္ဍပ်များ၌ ရေပက်ခံထွက်သူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများက ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များသို့ သွားရောက်၍ ယိမ်းအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ပုသိမ်လေတပ်စခန်းဌာနချုပ် ပိတောက်ဝါသင်္ကြန်မဏ္ဍပ်သို့ သွားရောက်၍ စစ်ဌာနချုပ် ယိမ်းအဖွဲ့များ၊ ဌာနဆိုင်ရာ ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများက ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ဝဲပုံ)** ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်လေတပ်စခန်းဌာနချုပ် ရခိုင်ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်၌ အရာရှိ စစ်သည်မိသားစုဝင်များနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ အတာရေ ပက်ဖျန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကမ်းနားလမ်း ရှုခင်းသာရင်ပြင်ရှိ ဗဟိုမဏ္ဍပ်သို့ သွားရောက်၍ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ယာဉ်ရပ်နားနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)၊ အတွင်းရေးမှူး ဦးအောင်မျိုးသန့်၊ အတွင်းရေးမှူး (ခရစ်ယာန်ဘာသာ) ဒေါ်ခင်ခင်မေ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ





တက်ရောက်ကြသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာသင်္ကြန် အကျနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများကို သီးစုံသက်သတ်လွတ် ဒံပေါက်ထမင်းနှင့် အချိုရည်၊ ရေသန့်များဖြင့် အာဟာရဒါနလှူဒါန်းကြသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို)သည် ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့၊ ဧပြီ ၁၆ရက် သင်္ကြန်အတက်နေ့နှင့် ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့တို့တွင်လည်း ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများကို အာဟာရဒါနဖြင့် လှူဒါန်းကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်(MNA)**

# မဟာသင်္ကြန်အကျနေ့ နေပြည်တော်၌ ရေကစားကြသူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိ

**နေပြည်တော် ဧပြီ ၁၄**

ယနေ့သည် မြန်မာ့ရိုးရာမဟာသင်္ကြန် အကျနေ့ဖြစ်ပြီး မြန်မာပြည်တစ်ဝန်းလုံး၌ အတာရေပက်ဖျန်း ကစားကြသူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိရာ နေပြည်တော်မြို့တော်သူ မြို့တော်သားများသည်လည်း မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

"သင်္ကြန်ဆိုတာ မြန်မာ့အနှစ်သာရ တစ်ခုပါ။ သင်္ကြန်ရောက်ပြီဆိုရင် အလုပ်တွေ ခဏနား၊ အပန်းဖြေလည်ပတ်ပျော်ရွှင်တာရှိသလို ဘုရားကျောင်းကန်သွားပြီး ကုသိုလ်ဘာဝနာပြုသူတဲ့သူလည်း ရှိပါတယ်။ ကျွန်တော်က မင်းဘူးမြို့ကပါ။ ဒီနှစ်တော့ ဇာတိမပြန်ဘဲ နေပြည်တော် သင်္ကြန်မှာပဲ လည်ပတ်ဖြစ်တယ်။ မနေ့က အကြိုနေ့ကတည်းက လည်တာ၊ စည်တယ်။ အခုနှစ် နေပြည်တော် သင်္ကြန်က လမ်းလျှောက်သင်္ကြန်ရော တခြားနေရာတွေပါ လည်ပတ်စရာ ပေါတယ်ပြောရမယ်။ အားလုံးက လည်ပတ်ကြ၊ စတုဒိသာစားကြနဲ့ အေးအေးချမ်းချမ်းပျော်ပျော်ပါးပါးပါပဲ" ဟု မင်းဘူးမြို့မှ ဦးထွန်းထွန်းက ပြောသည်။

ယနေ့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အကျနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရေပက်ခံကားများ၊ ရေပက်ခံထွက်ကြသူများ၊ စတုဒိသာကျွေးမွေးအလှူဒါနပြုကြသူများ၊ ဘုရားကျောင်းကန်များတွင် တရားဘာဝနာပွားများကြသူများနှင့် ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

" ကိုယ်တတ်နိုင်တာလေး လှူ၊ ဥပုသ်သီလယူပြီး အေးအေးချမ်းချမ်းနဲ့ နှစ်သစ်ကို ကြိုဆိုမှာပါ။ ဒီနေ့ကတော့ ဓာတုဇယမှာ ဘုရားဝတ်ပြုရင်း ပန်းလာလှူတာပါ။ ကုသိုလ်ပြုရင်း နှစ်သစ်ကို ကြိုဆိုသလို အပန်းဖြေရေကစားရင်း ပျော်ရွှင်စွာ ကြိုဆိုကြတာလည်း ရှိမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာ့နှစ်သစ်ကူးကို အေးချမ်း ပျော်ရွှင်စွာ ကူးပြောင်းတာက ဟိုးအရင်ကနေ ဒီနေ့ကာလအထိ၊ ဒီနေ့ကာလကနေ အနာဂတ်ကာလတွေအထိ ရှိနေမယ့် ချစ်စရာဓလေ့ပါ။ ဒါကြောင့် အေးချမ်းမှု၊ ပျော်ရွှင်မှုတွေနဲ့ အစပြုတဲ့ မြန်မာ့နှစ်သစ်မှာ မြန်မာပြည်သူ ပြည်သားတွေအားလုံး အေးချမ်း ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု နေပြည်တော်တွင် နေထိုင်သည့် ဒေါ်ဖြိုးသူဇာအောင်က ပြောကြားသည်။

မြန်မာ့နှစ်သစ်ကူး အခါသမယဖြစ်သည့်အားလျော်စွာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ လောက ရန်နိုင်စေတီ၊ ရန်အောင်မြင် ရွှေလက်လှဘုရား၊ သတ္တသတ္တာဟသံဝေဇနိယ လေးဌာနစေတီ၊ ဖောင်တော်ချက်မစေတီနှင့် အခြားတန်ခိုးကြီးဘုရားကျောင်းကန်များသို့ သွားရောက်လှူဒါန်းပူဇော်ကြသူများကို တွေ့မြင်ရသည်။

"နေပြည်တော်ထဲ မနက်ပိုင်း သင်္ကြန်လည်၊ နေ့ခင်းပိုင်းကျ လေ့ခွင်းတောင်မှာနားပြီး စားကြသောက်ကြ၊ ညနေကျ ပြန်လည်နဲ့ ပျော်စရာကောင်းတဲ့ နှစ်သစ်ကူးသင်္ကြန်ပါ။ သင်္ကြန်ဆိုတာ ပျော်ရွှင်စရာ၊ ချစ်စရာကောင်းတဲ့ မြန်မာ့ဓလေ့တစ်ခုမို့ သင်္ကြန်ရောက်တိုင်းလည်ဖြစ်တယ်။ ခါတိုင်းနှစ်ကတော့ ရွှေစက်တော်တို့၊ ကျောက်ဆည် ရွှေသိမ်တော်တို့ တခြားနေရာတွေကို မိသားစုအဆင်ပြေသလို ဘုရားဖူးရင်း၊ သင်္ကြန်လည်ရင်း သွားဖြစ်တယ်။ ဒီနှစ်က ရာသီဥတုက ပူလွန်းတော့ ခရီးမသွားဘဲ နေပြည်တော်မှာပဲ သင်္ကြန်ကျတာပါ" ဟု တပ်ကုန်းမြို့မှ ဦးဖြိုးလင်းသူက ပြောသည်။

သင်္ကြန်ချစ်သူပြည်သူများသည် နေပြည်တော်အတွင်း အေးချမ်းပျော်ရွှင်စွာ လှည့်လည် လည်ပတ်ရင်း ဇေယျာသီရိ မြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်နှင့် ပျဉ်းမနားမြို့နယ်ရှိ အဝေရာကမ်းခြေ အပန်းဖြေစခန်းတို့တွင် အပန်းဖြေရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မဟာသင်္ကြန် ရေကစားမဏ္ဍပ်များတွင် နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည့်အပြင် ဝန်ကြီးဌာနများနှင့် နေပြည်တော်မြို့နယ်အတွင်းရှိ မြို့နယ်များမှ ယိမ်းအဖွဲ့များက ယိမ်းအကအလှများ ကပြဖျော်ဖြေကြသည့်အတွက် ရေပက်ခံကားများ၊ ရေကစားကြသူများ အများအပြားဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်မင်းဟန်**
**ဓာတ်ပုံ - ထိန်နေ**





# ရပ်စောက်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရပ်စောက် ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးအခါသမယတွင် ပြည်သူများ စိတ်အေးချမ်းစွာဖြင့် အပန်းဖြေပျော်ရွှင်ကြစေရန်အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် မဟာသင်္ကြန်ပွဲတော်ကို ယနေ့ ညနေ ၅ နာရီတွင် ရသဝတီခန်းမရှေ့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရပ်စောက်မြို့ မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် ဧည့်သည်တော်များက ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေး ယိမ်းအဖွဲ့ဝင်များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ပြိုင်တူက၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ဆက်လက်၍ ယိမ်းအကအဖွဲ့များအား ဗထူးတပ်နယ်မှူးနှင့် ဧည့်သည်တော်များက အတာရေဖြင့် ပက်ဖျန်းကာ ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**ဆုမွန်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ လမ်းလျှောက်သင်္ကြန်ပွဲတော်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများနှင့်အတူ အတာရေသဘင်ပွဲဆင်နွှဲ

**မြစ်ကြီးနား ဧပြီ ၁၄**

ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၌ ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ပွဲတော်ကို (သင်္ကြန်အကျနေ့) ဧပြီ ၁၄ ရက် နံနက် ၈ နာရီက လမ်းလျှောက်သင်္ကြန် ကျင်းပသည့် ဆွမ်ပရာဘွမ်လမ်းမပေါ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ဒေသခံပြည်သူအများအပြား ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့သည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဆွမ်ပရာဘွမ်လမ်းမပေါ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့မှ ဆမားလမ်းဆုံ(ကျောက်စိမ်းတုံးမီးပွိုင့်) အထိ ကျင်းပပြုလုပ်ရာ ဖွင့်ပွဲအခမ်းအနားကို လမ်းလျှောက်သင်္ကြန်မုခ်ဦးရှေ့၌ ကျင်းပပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ် ဝန်ကြီးများဖြစ်သည့် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ကျော်ထွန်း၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးကျော်မင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက လမ်းလျှောက်သင်္ကြန်ပွဲတော်အတွင်း ပါဝင်ဆင်နွှဲလျက်ရှိသည့် ယိမ်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများအား အတာရေ လိုက်လံဖျန်းပက်ခဲ့ကြကာ လမ်းလျှောက် သင်္ကြန်ပွဲတော်အတွင်း စတုဒိသာမဏ္ဍပ်များဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးနေမှုနှင့် ဗဟိုမဏ္ဍပ်မှ ခေတ်ပေါ်တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုဖျော်ဖြေနေမှု၊ နံ့သာမဏ္ဍပ်၊ လောင်းလှေများတွင် ရေဖျန်းပက် ကစားနေကြသည့် သင်္ကြန်ချစ်သူ ပြည်သူများနှင့် အတူတကွ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပြီး ဗဟိုမဏ္ဍပ်၌ ယိမ်းအကအလှများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့်သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။ (ယာပုံ)



ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်သို့ တက်ရောက်ပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ တပ်နယ်မိသားစုဝင်များနှင့်အတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မဏ္ဍပ်၌ ယိမ်းအကအလှများဖြင့် သီဆိုဖျော်ဖြေမှု၊ နိုင်ငံကျော် တေးသံရှင်များ၏ ခေတ်ပေါ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး စတုဒိသာမဏ္ဍပ်များ၌ ဧည့်ခံကျွေးမွေးနေမှုများကို အားပေးခဲ့ကြကာ ယိမ်းအကအဖွဲ့များအတွက် ချီးမြှင့်ငွေများ ချီးမြှင့်ပေးသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ဆမားလမ်းပေါ်ရှိ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၏ ရေကစားမဏ္ဍပ် ခြောက်ခု၌ ယိမ်းအကအလှများ၊ ခေတ်ပေါ်တေးသီချင်းသီဆိုမှုများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ဒေသခံပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။

အလားတူ မြစ်ကြီးနားမြို့၌ ညနေပိုင်းတွင် မဟာသင်္ကြန်ပွဲတော်ကိုဗဟိုမဏ္ဍပ်နှင့်ရေကစားမဏ္ဍပ်များတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး ညပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ယိမ်းအကအလှပြိုင်ပွဲများ ကျင်းပပြုလုပ်သဖြင့် သင်္ကြန်ချစ်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် သင်္ကြန်အကျနေ့ ရေကစားမဏ္ဍပ်များ၌ ပြည်သူများ ပျော်ရွှင်စွာရေကစားနေမှုကို ကြည့်ရှုအားပေး

**မကွေး ဧပြီ ၁၄**

၂၀၂၃ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်(အကျနေ့) ယနေ့နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် အနောက်ပိုင်းလေတပ် ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်း၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် စိုးတင်လတ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မကွေးလေတပ် စခန်းဌာနချုပ် မိသားစုရေသဘင်မဏ္ဍပ်နှင့် ကမ်းနားလမ်းရှိ ရေသဘင်မဏ္ဍပ်များတွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မကွေးလေတပ်စခန်းဌာနချုပ် မိသားစု ရေသဘင်မဏ္ဍပ်သို့ရောက်ရှိရာ မကွေးလေတပ်စခန်း ဌာနချုပ်မှ သင်္ကြန်ယိမ်းပျိုဖြူလေးများက သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ပြီး ကပြဖျော်ဖြေသည့် ယိမ်းပျိုဖြူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကမ်းနားလမ်းရှိ ဝန်ကြီးဌာန အသီးသီးအလိုက် ရေကစားမဏ္ဍပ်များသို့ ကြည့်ရှုအားပေးခဲ့ပြီး ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲကို မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနမဏ္ဍပ် ငါးခု စုစုပေါင်း မဏ္ဍပ်ခြောက်ခုတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကာ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနအလိုက် ဧည့်ခံဖျော်ဖြေရေးမဏ္ဍပ်များ၌ ယိမ်းအကအလှအဖွဲ့ ၂၅ ဖွဲ့က ယှဉ်ပြိုင်ကပြဖျော်ဖြေလျက်ရှိသည့်အပြင် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များသို့ လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များ၊ ရေကစားလာပြည်သူများနှင့် ဖျော်ဖြေရေး ယိမ်းအဖွဲ့များအား သင်္ကြန်ဖြစ်မြောက်ရေးကော်မတီနှင့် အလှူရှင်များက နေ့စဉ်စတုဒိသာမုန့်များဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာရေကစားမဏ္ဍပ်များ၊ စစ်တွေတပ်နယ်ရေကစားမဏ္ဍပ်များ ကြည့်ရှုအားပေး

**စစ်တွေ ဧပြီ ၁၄**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး ဒေါ်ဆွေဆွေမြတ်တို့သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များ၊ စစ်တွေတပ်နယ်မှ လေးဝတီရေကစားမဏ္ဍပ်နှင့် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ဖျော်ရေး မဏ္ဍပ်ဖွင့်ပွဲများသို့ တက်ရောက်ကြကာ ရေကစားမဏ္ဍပ်များသို့ လှည့်လည်ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မဟာသင်္ကြန်မဏ္ဍပ်သို့ သွားရောက်ပြီး သင်္ကြန်မဏ္ဍပ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်တွေတပ်နယ်ရှိ လေးဝတီရေကစားမဏ္ဍပ်ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မိဇ္ဈိမရပ်ကွက် ကမ်းနားလမ်း၌ ကျင်းပသော (၉)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်အား ရခိုင်မင်္ဂလာ စည်တော်ယွမ်းကာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်းနှင့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကိုလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရခိုင်မင်္ဂလာစည်တော်ဝိုင်းမှ ဦးလှဝင်းက ရခိုင့်မူဟန်၊ ရေသင်္ကြန်ကေပိုဒ်ရတုဖြင့် သီဆိုဖျော်ဖြေသည်။ ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌက ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီသို့ ထောက်ပံ့ငွေကျပ် သိန်း ၂၅၀ အား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ပြီး **(အောက်ဝဲပုံ)** အလှူရှင်များက ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကျင်းပရေး ကော်မတီနှင့် ယိမ်းအကအဖွဲ့များသို့ ထောက်ပံ့ငွေနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများသည် ပန်းမြတ်သဇင်ရခိုင်ရိုးရာရီလောင်းမဏ္ဍပ်မှ မဏ္ဍပ်ရှင်မများနှင့်အတူ ရခိုင်ရိုးရာအစဉ်အလာမပျက် လောင်းလှေများဖြင့် ရေပက်ကစားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အကျနေ့ ပျော်ရွှင်စည်ကား မြင်ကွင်းပုံရိပ်များ

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အကျနေ့(ဧပြီ ၁၄ ရက်)တွင် မြို့နယ်အသီးသီး၌ ပြည်သူများက ရေကစားမဏ္ဍပ်များဆောက်လုပ်၍ ပျော်ရွှင်စွာ ရေကစားနေကြပုံများနှင့် စတုဒိသာမဏ္ဍပ်များဖွင့်၍ စတုဒိသာ ကျွေးမွေးလှူဒါန်းနေကြပုံများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဗဟိုမဏ္ဍပ်ရှေ့၌ ရေကစားနေသူများ။

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်မဏ္ဍပ်တွင် ဖျော်ဖြေရေး အစီအစဉ်နှင့် ရေကစားနေသော ပြည်သူများ။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရေကစားမဏ္ဍပ်၌ ရေကစားနေသော ပြည်သူများ။

အေးအေးနွဲ့(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော်ကို ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးထွန်းကျော်ကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

လူအောင်(ကသာ)



ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရေကစားမဏ္ဍပ်၌ တေးဂီတဖြင့် သီဆိုဖျော်ဖြေမှုနှင့် ပျော်ရွှင်စွာ ရေကစားသူများကို တွေ့ရစဉ်။ ကိုဆက်



ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တော်ရစဉ်။

ကျော်ကျော်(ပြန်/ဆက်)



ရခိုင်ပြည်နယ် သံတွဲမြို့ ရေကစားမဏ္ဍပ်တစ်ခုရှေ့၌ ပျော်ရွှင်စွာ ရေကစားနေသော ပြည်သူများ။

သန့်ဇင်(ပြန်/ဆက်)



ရန်ကုန်မြို့ ဒေါပုံမြို့နယ်မှ ကျွေးမွေးလှူဒါန်းသော စတုဒိသာမဏ္ဍပ် တစ်ခု။

ချစ်စုဝေ (ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရေကစားမဏ္ဍပ်၌ အေးချမ်း ပျော်ရွှင်စွာဖြင့် ရေကစားနေသူများကို တွေ့ရစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲရွာမှ စတုဒိသာမဏ္ဍပ်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့အလင်း



# မဟာသင်္ကြန်(အကျနေ့)တွင် မန္တလေးမြို့ရှိ မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်များ၌ ပြည်သူများအေးချမ်းပျော်ရွှင်စွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ

**မန္တလေး ဧပြီ ၁၄**

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်(အကျနေ့)တွင် မန္တလေးမြို့ရှိ ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် ဆောင်ရွက်ပေးထားသည့် မြန်မာ့ရိုးရာ လမ်းလျှောက်အတာသင်္ကြန်များသို့ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ထူးခြားဆန်းသစ်သည့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ဘုရားစေတီပုထိုးများတွင် ဘုရားဖူးလာပြည်သူများ၊ ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာရေသဘင်ပွဲဆင်နွှဲကြသူများ၊ အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသူများနှင့် စတုဒိသာကျွေးမွေးသူများဖြင့်လည်း သင်္ကြန်ပွဲတော်၏ ပုံရိပ်ကို ပိုမိုထင်ဟပ်စေခဲ့သည်။

နံနက်ပိုင်းမှစတင်၍ မဟာမုနိရုပ်ပွားတော်မြတ်ကြီး၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရားစသည့်ဘုရားတို့တွင် တရားဘာဝနာအားထုတ်ကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုနှစ်တွင် အထူးအစီအစဉ်အဖြစ် ထည့်သွင်းထားသည့် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး မြန်မာ့ရိုးရာ လမ်းလျှောက်အတာသင်္ကြန်နှင့် ကျုံးတောင်ဘက်ခြမ်းရှိ (၂၆လမ်း၊ ၆၆လမ်း မှ ၇၈လမ်းအထိ) လမ်းလျှောက်သင်္ကြန်တို့၌လည်း သင်္ကြန်ဇုန်များ၊ နိုင်ငံကျော်အဆိုတော်များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် အပန်းဖြေအနားယူနိုင်မည့် အစီအစဉ်ကောင်းများကိုထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လာရောက်ပါဝင်ဆင်နွှဲသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးကျုံးမြောက်ဘက်နှင့် အနောက်ဘက်ခြမ်းတို့တွင်လည်း သင်္ကြန်ချစ်သူမိသားစုများ၊ သူငယ်ချင်း၊ မိတ်ဆွေများစုပေါင်း၍ ရေစုပ်စက်များဖြင့် သင်္ကြန်ရေပက်ခံကားများ၊ ဆိုင်ကယ်များကို တပျော်တပါး ပက်ဖြန်းခြင်း၊ မြို့နယ်၊ ရပ်ကွက်များအလိုက် လူငယ်များ၊ ကလေးငယ်များ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားခြင်းနှင့် တစ်နိုင်တစ်ပိုင် စုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းကြသည့် မြင်ကွင်းသည်လည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏အလှကို ပိုမိုပေါ်လွင်စေခဲ့သည်။





မန္တလေးဈေးချိုတော် နာရီစင်အနီးတွင်လည်း မန္တလေးမြို့ဂုဏ်ဆောင် မြို့မတူရိယာအသင်းနှင့် တွဲဖက်၍ ဈေးချိုသူရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ထားပြီး သင်္ကြန်၏ အနှစ်သာရကို ပေါ်လွင်စေမည့် သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ သင်္ကြန်ချစ်သူ မန္တလေးမြို့သူ၊ မြို့သားများပျော်ရွှင်မြူးတူးလျက်ရှိသည့်အပြင် သိပ္ပံလမ်းဆင်ဖြူကန်ကွင်းမြောက်ဘက်ရှိ ရွှေမန်းမြေ ရေကစားမဏ္ဍပ်၊ ဦးပိန်တံတား အရှေ့ဘက်ခြမ်းနှင့် အနောက်ခြမ်း မယ်ဇယ်ပင်တန်းရှိ ရေကစားမဏ္ဍပ်တို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော အမရပူရမြို့နယ်ရှိ ဦးပိန်တံတား တောင်သမန်အင်းတို့၌လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်လက်ချမ်းသာ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း – မောင်အေးချမ်း**

**ဓာတ်ပုံ – Ai(Mdy)**

# ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်တို့တွင် အတာရေသဘင်ဆင်နွှဲသူတို့ဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၄**

၁၃၈၄ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ယမန်နေ့က စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီး ယနေ့သင်္ကြန်အကျနေ့၌ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင်အတွင်းရှိ လမ်းလျှောက်သင်္ကြန်တို့တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ အတာရေသဘင်ဆင်နွှဲသူများ၊ ရေပက်ခံကားများနှင့် ဖျော်ဖြေရေးကြည့်ရှုသူတို့ဖြင့် စည်ကားခဲ့သည်။



ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ နံနက်ပိုင်းအစီအစဉ်တွင် ဌာနဆိုင်ရာများနှင့် ခရိုင်/မြို့နယ်တို့မှ ယိမ်းအဖွဲ့များ ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံးတို့မှ မြူးကြွလှပ သင်္ကြန်သီချင်းများဖြင့် ပူးပေါင်းဖျော်ဖြေခဲ့ရာ ရေသဘင်ပွဲတော်ဆင်နွှဲသူများ အထူးနှစ်ခြိုက်ခဲ့ကြသည်။

နံနက် ၁၀ နာရီကျော်တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ မိသားစုဝင်များက နတ်ယိမ်း၊ ရုပ်သေးဇော်ဂျီအက၊ ရာမာယဏ ဖျော်ဖြေမှု၊ ခေတ်သုံးခေတ် သင်္ကြန်အက၊ ရုပ်ရှင်/သဘင်/ဂီတအဖွဲ့ဝင်တို့ ပူးပေါင်းတင်ဆက်သည့် မန်းတောင်ရိပ်ခိုသီချင်းနှင့် အကယ်ဒမီ နေအောင်၊ တေးသံရှင် ပိုးအိစံ၊ သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်၊ တေးသံရှင် ဝိုင်းလမင်းအောင်တို့၏ မြူးကြွသော သင်္ကြန်သီချင်း ဖျော်ဖြေမှုတို့ကို အတာရေသဘင်ဆင်နွှဲကြသည့် ပြည်သူတို့နှင့်အတူ ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ယိမ်းအဖွဲ့များယှဉ်ပြိုင်မှု၊ ညပိုင်း၌ ရုပ်ရှင်နှင့်ဂီတအစည်းအရုံးတို့မှ ပူးပေါင်းဖျော်ဖြေမှုနှင့်အတူ သဘင်အစည်းအရုံးမှ ဆက်ကပ်မျက်လှည့်စွမ်းရည်နှင့် တခိုင်လုံးရွှေအေးအေးမြင့် အဖွဲ့မှ လူရွှင်တော်ဝိုင်းချစ်နှင့်အဖွဲ့က ဖျော်ဖြေကြသည်။

ယနေ့နံနက်ပိုင်းမှစ၍ ပြည်သူ့ရင်ပြင်ရှိ Royal Apex ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေမှုန်ရေမွှားလမ်းလျှောက်သင်္ကြန်တို့တွင် အတာရေသဘင်ပွဲတော်ဆင်နွှဲသူများနှင့် ရေပက်ခံကားများဖြင့် စည်ကားခဲ့ပြီး ရေကစားမဏ္ဍပ် ၁၂ ခုနှင့် ထန်းလက်မိုးစားသောက်ဆိုင်တန်းတို့တွင်လည်း မြန်မာ့ရိုးရာအတာရေသဘင်ပွဲတော် ဆင်နွှဲသူတို့ဖြင့် အထူးစည်ကားခဲ့သည်။

နှစ်ကူးသင်္ကြန်ပွဲတော်ကာလတွင် အများပြည်သူအေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနိုင်ရန် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့တို့က လုံခြုံရေးတာဝန်ကို အပြည့်အဝဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့သင်္ကြန်အကျနေ့၌ ရန်ကုန်မြို့တော် သင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်တို့တွင် အတာရေသဘင်ပွဲတော် ဆင်နွှဲကြသည့် ရေကစားသူ၊ ရေပက်ခံသူတို့ဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ဇော်မင်းလတ်၊ ရဲထွဋ်**

# တောင်ကြီးမြို့၌ တောင်ကြီးအတာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဧပြီ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် တောင်ကြီး အတာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က တောင်ကြီးမြို့မဈေးအနီးရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ တောင်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တောင်ကြီးအတာသင်္ကြန်မဏ္ဍပ်ကို တောင်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၃) ဦးထိန်လင်းသိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး စိုးသန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(တောင်ကြီး)**



# ၂၀၂၃ ခုနှစ် ဩဇာလွှမ်းမိုးမှုအရှိဆုံး လူ ၁၀၀ စာရင်းတွင် ဂျပန်ဝန်ကြီးချုပ်ကို တိုင်းမ်မဂ္ဂဇင်းက ထည့်သွင်းဖော်ပြ



၂၀၂၃ ခုနှစ် ဩဇာလွှမ်းမိုးမှုအရှိဆုံး လူ ၁၀၀ စာရင်းတွင် ထည့်သွင်းဖော်ပြခြင်းခံရသည့် ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါး ဖူမီယို။

**တိုကျို မေ ၁၄**

အမေရိကန်မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် တိုင်းမ်မဂ္ဂဇင်းက ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးဖူမီယို ကို ၂၀၂၃ ခုနှစ် ဩဇာလွှမ်းမိုးမှုအရှိဆုံး လူ ၁၀၀ စာရင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။

နှစ်စဉ်ဖော်ပြလေ့ရှိသည့် အဆိုပါစာရင်းကို မေ ၁၃ ရက်က ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ကီရှီးဒါးကို "ခေါင်းဆောင်များ" စာရင်းတွင် ထည့်သွင်းရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ကီရှီးဒါးသည် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို ပြောင်းလဲဖော်ဆောင်နိုင်ခဲ့သည့်အတွက် ယခုလို ဩဇာလွှမ်းမိုးမှုအရှိဆုံး လူ ၁၀၀ စာရင်းတွင် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်ကြောင်း တိုင်းမ်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

ထို့ပြင် ကီရှီးဒါးသည် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံ၏ သမိုင်းဝင်မကျေနပ်ချက်များကို ဖြေလျှော့ပေးခဲ့ကြောင်း အဆိုပါ မဂ္ဂဇင်းတွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ဂျပန်နိုင်ငံမှ ဂိမ်းပညာရှင် မီယာဇာကီ ဟီဒီတာကာကိုလည်း "တီထွင်ဆန်းသစ်သူများ" စာရင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။ မီယာဇာကီ၏ "အယ်လ်ဒန်ရင်း"ဟု နာမည်ပေးထားသည့် ဂိမ်းသည် အလွန်ကျော်ကြား လူကြိုက်များသော ဂိမ်းဖြစ်ကြောင်း အဆိုပါမဂ္ဂဇင်းတွင် ထပ်မံဖော်ပြထားသည်။

တစ်တော့ခ်အက်ပ် အမှုဆောင်အရာရှိချုပ် ရှောင်ချီရှောကိုလည်း အယောက် ၁၀၀ စာရင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။ အဆိုပါ အက်ပ်အသုံးပြုမှုအပေါ် ပိတ်ပင်တားဆီးမှုများ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်း လျင်မြန်စွာပျံ့နှံ့လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ဂါနာနိုင်ငံ၌ ကလေးငယ်များအတွက် ငှက်ဖျားရောဂါကာကွယ်ဆေးသစ် သုံးစွဲခွင့်ပေး

**အက်ကာ မေ ၁၄**

ဂါနာနိုင်ငံသည် ငှက်ဖျားရောဂါ ဖြစ်ပွားမှု ပြင်းထန်သည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ကလေးငယ်များအတွက် ငှက်ဖျားရောဂါကာကွယ်ဆေးသစ်ကို မေ ၁၃ ရက်တွင် သုံးစွဲခွင့်ပေးခဲ့သည်။ R21 ဟု အမည်ပေးထားသည့် ငှက်ဖျားရောဂါ ကာကွယ်ဆေးကို အောက်စဖို့ဒ်တက္ကသိုလ်မှ ထုတ်လုပ်ထားပြီး အသက် ငါးလမှ ၃၆ လအတွင်း ကလေးငယ်များကို ထိုးနှံခွင့်ပေးသွားမည်ဟု ဂါနာနိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ အကြီးအကဲဖြစ်သူ ဒီလက်စီဒါကိုက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။



အဆိုပါ ကာကွယ်ဆေးကို ဂါနာနိုင်ငံမှ ပထမဦးဆုံးဈေးကွက်တွင် ရောင်းချခွင့် ပေးခဲ့ခြင်းဖြစ်ပြီး အနောက်အာဖရိကတွင် ပုံမှန်ရောဂါဖြစ်နေသည့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကာကွယ်ဆေး၏ အရည်အသွေးကို အကဲဖြတ်ခြင်းနှင့် အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သို့ တင်သွင်းသည့် လုံလောက်သော အချက်အလက်များအပေါ် တွင်အခြေခံကာ ဆေးဝါးကိုသုံးစွဲခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးကြောင့်ရရှိမည့် အကျိုးကျေးဇူးသည် ကာကွယ်ဆေး၏ဘေးထွက်ဆိုးကျိုးထက် ပို၍အလေးသာသည်ဟု သုံးသပ်ထားသည်။

ထို့ပြင် အသက် ငါးနှစ်အောက် ကလေးသေဆုံးမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ဂါနာနိုင်ငံနှင့် အခြားသောအာဖရိကနိုင်ငံများအတွက် မှတ်တိုင်တစ်ခုဖြစ်သည်။ အာဖရိကတွင် ငှက်ဖျားရောဂါမှာ လူသေဆုံးစေနိုင်သည့် အဓိကရောဂါဖြစ်ပြီး အထူးသဖြင့် မွေးကင်းစ ကလေးငယ်များ သေဆုံးမှုများပြားသည်။

ထို့ကြောင့် ကာကွယ်ဆေးရှိလျှင် မွေးကင်းစကလေးငယ်များကိုလည်း ကာကွယ်ပေးနိုင်ရမည်ဟု အစားသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ ဆမ်မီအိုဟီနီ က ပြောသည်။ ဂါနာကျန်းမာရေးဌာန၏ တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ နှစ်စဉ် ကလေး ၂၀၀၀၀ မှာ ငှက်ဖျားရောဂါကြောင့် သေဆုံးရပြီး ၎င်းတို့ထဲမှ ၂၅ ရာခိုင်နှုန်းမှာ ငါးနှစ်အောက် ကလေးများ ဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**

## အီရန်နိုင်ငံ အနောက်ပိုင်း၌ ရုတ်တရက်ရေကြီး သုံးဦးထက်မနည်း သေဆုံး

**တီဟီရန် မေ ၁၄**

အီရန်နိုင်ငံ အနောက်ပိုင်း၌ မေ ၁၂ ရက်က ရုတ်တရက် ရေကြီးမှုကြောင့် လူသုံးဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု အိုင်အက်စ်အင်န်အေ သတင်းဌာနက မေ ၁၃ ရက်တွင် ဖော်ပြထားသည်။

**မိုးသည်းထန်ရေကြီး**

ရေဘေးဒဏ် ထိခိုက်ခံစားရသူများမှာ အဇာဘိုင်ဂျန် အနောက်ပိုင်း၊ အီလမ်နှင့် ကာဇ်ဗင်တို့မှ ဖြစ်သည်ဟု အီရန်ကယ်ဆယ်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့အစည်းမှ ဒုတိယအကြီးအကဲဖြစ်သူ မော်တီဇာမိုရာဒီပေါ် က ပြောသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယခုလို ရေကြီးလာရခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အီရန်ကယ်ဆယ်ရေးအဖွဲ့သည် ယာယီတဲများ ဆောက်လုပ်ကာ ရေဘေးဒုက္ခသည်များအတွက် စီစဉ်ထားကြောင်း ၎င်းက ဆက်ပြောသည်။

**ထောက်ပံ့ပေး**

ရေဘေးဒုက္ခခံစားနေရသည့် မြို့နယ်ပေါင်း ၁၁ မြို့နယ်နှင့် ကျေးရွာပေါင်း ၂၂ ရွာတို့မှ ပြည်သူပေါင်း ၈၆၁ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၂၄ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်ဟု သိရသည်။ ထို့ပြင် လူပေါင်း ၃၈၅ ဦးတို့အတွက် အရေးပေါ် အသုံးအဆောင်များ ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**



ကိုဗစ်ကာလမတိုင်မီက ဖိလစ်ပိုင်သို့ လာရောက်လည်ပတ်နေသည့် တောင်ကိုရီးယားနိုင်ငံသားများကို တွေ့ရစဉ်။

## ဖိလစ်ပိုင်သို့ လာရောက်သည့် နိုင်ငံခြားခရီးသွားများတွင် တောင်ကိုရီးယား ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိ

**မနီလာ မေ ၁၄**

ယခုနှစ်အတွင်း ဖိလစ်ပိုင်သို့ လာရောက်သည့် နိုင်ငံခြားခရီးသွားများထဲတွင် တောင်ကိုရီးယားနိုင်ငံမှ အများဆုံးလာရောက်ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ခရီးသွားလာရေးဌာနက မေ ၁၄ ရက်တွင် ပြောသည်။ တောင်ကိုရီးယားမှ ခရီးသွားများ နေ့စဉ်လာရောက်ပြီး တစ်နေ့ထက်တစ်နေ့ ပိုပိုများလာကြောင်း ခရီးသွားလာမှုဌာနမှ အတွင်းရေးမှူး ခရစ်စတီနာ ဂါစီရာဖရာစကိုက ပြောသည်။

ပြီးခဲ့သည့် နှစ်ကလည်း ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလာရေးဈေးကွက်သို့ အမေရိကန်ပြီးလျှင် ဒုတိယအများဆုံး လာရောက်သည့် ခရီးသွားများမှာ တောင်ကိုရီးယားမှဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွား ၂ ဒသမ ၆၅ သန်းကို ဆွဲဆောင်နိုင်ခဲ့သည်။ ခရီးသွားကဏ္ဍမှ ဝင်ငွေအကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၂ ဘီလီယံရခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၄ ဒသမ ၈ သန်းကို ဆွဲဆောင်နိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။

**ဆင်ဟွာ**

## ပျောက်ဆုံးရဟတ်ယာဉ်၏ အစိတ်အပိုင်းကို ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ တွေ့ရှိ

**တိုကျို မေ ၁၄**

ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် လွန်ခဲ့သော သီတင်းပတ်က ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ လူ ၁၀ ဦးနှင့်အတူ ပျောက်ဆုံးခဲ့သော ရဟတ်ယာဉ်၏ အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအဖွဲ့က သေဆုံးသူတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြသည်။

ရေအောက် ကင်မရာသည် ပျောက်ဆုံးနေသော မြေပြင်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့၏ ရဟတ်ယာဉ် အစိတ်အပိုင်းနှင့် သေဆုံးသူ၏ ရုပ်အလောင်းကို ဖမ်းယူနိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန သတင်းအရင်းအမြစ်များအရ သိရသည်။ သေဆုံးသူ တစ်ဦးထက်မက တွေ့နိုင်ကြောင်း အဆိုပါ သတင်းအရင်းအမြစ်များတွင် ဖော်ပြထားသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် အသေးစိတ်အချက်အလက်များကို ထပ်မံအတည်ပြုနိုင်ရေးအတွက် ရေငုပ်သမားများကို အဆိုပါနေရာသို့ စေလွှတ်ရန် စီစဉ်နေပြီဖြစ်သည်။

ဧပြီ ၆ ရက်က အိုကီနာဝါခရိုင် မီယာကိုဂျီမာကျွန်းမှ ရဟတ်ယာဉ်ပျံတက်ပြီးမကြာမီ ရေဒါမှ ပျောက်သွားပြီးနောက် အသံအချက်ပြစနစ် ဆိုနာတပ်ဆင်ထားသော ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ရေယာဉ်များသည် ရဟတ်ယာဉ်ပျက်ကျနိုင်ခြေရှိသည့် နေရာကို ရှာဖွေခဲ့ကြသည်။

ရှာဖွေကယ်ဆယ်ရေး အဖွဲ့သည် ခေါင်းဆောင်းဦးထုပ်၊ လောင်စာ သိုလှောင်ကန်နှင့် ရဟတ်ယာဉ်ပန်ကာတို့ကို တွေ့ရှိခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




ရဟတ်ယာဉ်ပျက်ကျရာနေရာမှ အပျက်အစီးများကို ဆယ်တင်နေသည်ကို တွေ့ရစဉ်။

# ဘားအံမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အကျနေ့ ရေကစားသူများဖြင့် စည်ကား

ဘားအံ ဧပြီ ၁၄

**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ကရင်ပြည်နယ် ဘားအံမြို့၌ အေးချမ်းပျော်ရွှင်စွာ ဆင်ယင်ကျင်းပလျက်ရှိရာ ဧပြီလ ၁၄ ရက် မဟာသင်္ကြန်အကျနေ့တွင် ဘားအံမြို့ပေါ်ရှိ ပြည်နယ်အဆင့် ဝန်ကြီးဌာနရေကစားမဏ္ဍပ်များနှင့် ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ရေကစားကြသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။**



မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့်ဇနီး ဒေါ်နန်းဘောဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ဘားအံမြို့ အမှတ်(၃) ရပ်ကွက် မြို့မဘောလုံးကွင်းရှိ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၊ တစ်ပင်တိုင်အကများ၊ အနုပညာရှင်များ၏ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး အောင်သပြေခက်ဖြင့် အတာရေအေးပက်ဖျန်းပေးကြကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ ကမ်းနားလမ်းရှိ ရေကစားမဏ္ဍပ်များသို့ လှည့်လည်၍ ရေပက်ခံထွက်ရေကစားခဲ့ကြပြီး ဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ မဟာသင်္ကြန်ပွဲတော်တွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပသည့် ခေမာလမ်းထိပ်မှ အင်ကုန်းလမ်းထိပ်အထိ မုန့်ဦးအလှ၊ ထီးအလှ၊ ပိတောက်ပန်းအလှ၊ ရေပန်းအလှများဖြင့် တန်ဆာဆင်ထားသော လမ်းလျှောက်သင်္ကြန်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စည်ကားစွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဘားအံမြို့ ဇွဲကပင်ပန်းခြံရှိ စည်ပင်သာယာရေးအဖွဲ့ ရေကစားမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအဖွဲ့များ၊ တစ်ပင်တိုင်အကအလှများ၊ တေးသံရှင်များ၏ သီဆိုကပြဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဘားအံမြို့ ကမ်းနားလမ်း မြို့မဘောလုံးကွင်း၌ မဟာသင်္ကြန်အကပြိုင်ပွဲကို ကိုယ်ပိုင်သံစဉ်တီးခတ်သီဆိုကပြသည့်ပြိုင်ပွဲနှင့် ကော်ပီသီဆိုတီးခတ် ကပြသည့်ပြိုင်ပွဲဟူ၍ နှစ်မျိုးခွဲ၍ကျင်းပပြီး သင်္ကြန် ယိမ်းအကအဖွဲ့ ၂၇ ဖွဲ့၊ တစ်ပင်တိုင်အကအဖွဲ့ ၁၁ ဖွဲ့တို့က အလှည့်ကျယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မဟာသင်္ကြန်အတက်နေ့ညပိုင်းတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်အကျနေ့ တောင်ကြီးမြို့၌ စည်ကားအေးချမ်းစွာ ကျင်းပ

**တောင်ကြီး ဧပြီ ၁၄**

၂၀၂၃ ခုနှစ်မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် လွှတ်တော်ရုံးလမ်း ရှမ်းပြည်နယ် အစိုးရရုံးရှေ့၌ စည်ကားသိုက်မြိုက်အေးချမ်းစွာ ကျင်းပသည်။

မဟာအတာသင်္ကြန်အကျနေ့တွင် တောင်ကြီးမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများမှ ယိမ်းအဖွဲ့များ၊ ရပ်ကွက်များရှိ ယိမ်းအဖွဲ့များ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရွှေနေကြာယိမ်းအဖွဲ့များ ပါဝင်ယှဉ်ပြိုင်နေမှုနှင့် တေးဂီတအဆိုများဖြင့် ဖျော်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်း မြို့မဈေးအနီးရှိ တောင်ကြီးအတာသင်္ကြန်မဏ္ဍပ်သို့ တက်ရောက်ချီးမြှင့်ရာ တေးဂီတအဆိုတော်များ၊ ယိမ်းအကအဖွဲ့များ ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးသည်။

သင်္ကြန်အကျနေ့တွင် တောင်ကြီးမြို့၌ ဒေသခံပြည်သူများ ရေပက်ခံမော်တော်ယာဉ်များဖြင့် အေးချမ်းစွာ ပါဝင်ဆင်နွှဲကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သင်္ကြန်အကျနေ့တွင် ပဲခူးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ ရေကစားနေမှုများအား လှည့်လည်ကြည့်ရှုအားပေး

ပဲခူး ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့သည် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ နံနက်ပိုင်းက အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့်အတူ သင်္ကြန်အကျနေ့တွင် ပဲခူးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ ယိမ်းအဖွဲ့များ ကပြနေမှု၊ အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ ရေကစားနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ်သို့ သွားရောက်၍ ဌာနဆိုင်ရာများ၏ ဖျော်ဖြေရေးယိမ်းအဖွဲ့များနှင့် ရပ်ကွက်များရှိ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက သီဆိုကပြဖျော်ဖြေခြင်း၊ နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေ တင်ဆက်မှုများနှင့် ပြည်သူများ လွတ်လပ်စွာ ပါဝင်ရေကစားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့သည့် ယိမ်းအကအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပဲခူးမြို့ပြည်သူ့ဆေးရုံလမ်းထောင့်ရှိ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဌာန ရေကစားမဏ္ဍပ်တွင်လည်း ရေကစားသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ လမ်းလျှောက်သင်္ကြန်ရှိ ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်နှင့် စတုဒိသာမဏ္ဍပ်များတွင်လည်း အထူးစည်ကားလျက်ရှိပြီး ရပ်ကွက်/လမ်းများအလိုက် အများပြည်သူ ရေကစားမဏ္ဍပ်တို့တွင်လည်း ရေကစားသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲသို့တက်ရောက်



**ထားဝယ် ဧပြီ ၁၄**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်ဖြစ်သော ၁၃၈၄ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ထားဝယ်မြို့ မြို့တော်ခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ ယမန်နေ့ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ပိုက်ပိုက်အေးတို့က မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ဝဲပုံ) တီးဝိုင်းအဖွဲ့နှင့် ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများအား ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များ၊ ယိမ်းအကအဖွဲ့များက အကပဒေသာဖြင့် လည်းကောင်း၊ ခေတ်ပေါ် တေးသီချင်းများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ က ဆုငွေများ ချီးမြှင့်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၄-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၇၅ | ၂၂၄၅ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၀ | ၂၈၁၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၉၀ | ၂၃၉၀ | ၂၆၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၄၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၃၀၀၀ |
| HSD (50 ppm) | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၃ | ၂၁၉၉ |
| 95 Ron | ၂၁၈၇ | ၂၂၆၅ |
| HSD (500 ppm) | ၁၉၈၉ | ၂၀၅၉ |
| HSD (50 ppm) | ၂၀၆၃ | ၂၁၃၄ |
| HSD (10 ppm) | ၂၀၆၃ | ၂၁၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်းရှိ

(၁၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၂၁,၇၄၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၃၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မွန်ပြည်နယ် မော်လမြိုင်မြို့၌ ငွေကျပ်သိန်း ၆၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ငွေကျပ်သိန်း ၆၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၁ ရက် နံနက် ၁၁ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အဝေးပြေးကားဝင်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရန်ကုန်မှ မော်လမြိုင်သို့ ဆိုက်ရောက်လာသည့် ခရီးသည်တင်မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့်ခရီးသည် မမူမူနိုင် သယ်ဆောင်လာသော ဆာလာအိတ်များ အတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ ကားဝင်းအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ စောလင်းချစ် ကို မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မွန်ပြည်နယ်သို့ သယ်ဆောင်ပြီး မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကာလတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မမူမူနိုင်၊ စောလင်းချစ်နှင့် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများ။

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ အဓိကတင်ပို့နေရ



**ကော့သောင်း ဧပြီ ၁၄**

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိက တင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခု ဖြစ်သည်။ အဓိက တင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်း ဖြစ်သည်။

၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ၄ ရက်အထိ ပို့ကုန်တန်ချိန် ၅၄၂ တန်ဖိုး အမေရိကန် ဒေါ်လာ ၀ ဒသမ ၆၁၈ သန်း၊ သွင်းကုန်တန်ချိန် ၄၇၇၊ ၄၁၉၀ BBL တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၀ ဒသမ ၆၀၀၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၈ သန်း ဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်တို့ဖြစ်ပြီး၊ အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ဆား၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆော်ဒါမှုန့်၊ ဆိုဒီယမ်ကာဗွန်နိတ်တို့ ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**ကိုရိုး**

## ဘင်္ဂလားဒေ့ရှ်သို့ လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်များ ဆက်တိုက်တင်ပို့လျက်ရှိ

**စစ်တွေ ဧပြီ ၁၄**

အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့အကြား နယ်စပ်ဒေသမှတစ်ဆင့် ကုန်သွယ်မှုပြုရာတွင် ရခိုင်ပြည်နယ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့မှတစ်ဆင့် တစ်ဖက်နိုင်ငံ တက္ကနပ်မြို့သို့ ကုန်စည်များ တင်ပို့၊ တင်သွင်းလျက်ရှိသည်။ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို တင်ပို့လျက်ရှိပြီး၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိသည်။



စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် မတ်လအတွင်း ဖေဖော်ဝါရီလထက် လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၆၉၇၀၁၀ ဖိုးနှင့် ရေထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၇၁၇၂၆ ဒေါ်လာ ပိုမိုတင်ပို့နိုင်ခဲ့သည်။ ထိုသို့ ပိုမိုခဲ့ခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် မန်ကျည်းစေ့၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ အုန်းသီးခြောက်၊ အုန်းသီး၊ ကွမ်းသီးနှင့် ချင်းအစိုတို့ ပိုမိုတင်ပို့နိုင်ခဲ့သလို ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးစုံလေးခြောက်၊ ငါးနီတူခြောက်နှင့် ငါးသလောက်တို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ကိုရိုး၊ သတင်းရင်းမြစ်– စီးပွား/ကူးသန်း**

## ရူပီး-ကျပ် တိုက်ရိုက်လဲလှယ်ခွင့်ပြု

**ရန်ကုန် ဧပြီ ၁၄**

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်လဲလှယ်ခွင့်အတွက် အိန္ဒိယနိုင်ငံ ဗဟိုဘဏ်(Reserve Bank of India)က မြန်မာဘဏ်များအတွက် Special Rupee Vostro (SRV) Account လက်ခံဆောင်ရွက်မည့် အိန္ဒိယဘဏ် (Designated Bank)အဖြစ် Punjab National Bank, India ကို ရွေးချယ်သည်။ ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို နယ်စပ်ကုန်သွယ်ရေးတွင် စတင်မည်ဖြစ်ပြီး သင်္ဘောဖြင့် ပဲတင်ပို့ရောင်းချခြင်းကဲ့သို့သော ပုံမှန်ကုန်သွယ်မှုအတွက်လည်း ကျင့်သုံးသွားရန် ရည်ရွယ်ထားသည်။

လက်ရှိတွင် တရုတ်ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် နယ်စပ်ကုန်သွယ်ရေးပေးချေမှုများ လက်ခံဆောင်ရွက်နေသည့်နည်းတူ အိန္ဒိယနယ်စပ်ကုန်သွယ်ရေးတွင် ရူပီး/ကျပ် ပေးချေမှုများ ဆောင်ရွက်မည်ဖြစ်သည်။ ဧပြီ ၁ ရက်က စတင်ကျင့်သုံးသည့် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု မူဝါဒသစ်သည် နိုင်ငံတကာ ကုန်သွယ်မှုများတွင် ရူပီးအသုံးပြုရန်အတွက် အထောက်အပံ့ပြုမည့် အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

**သီရိ**

## တစ်ပတ်အတွင်း ကုန်စည်ဈေးကွက်

**ရန်ကုန် ဧပြီ ၁၄**

ဧပြီ ၆ ရက်မှ ၁၂ ရက်အထိ ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ဆန်နှင့် ကြက်သွန်ဖြူ ဈေးမြင့်လာသည်။ သင်္ကြန်အကြိုရက်မတိုင်မီ ဧပြီ ၁၀ ရက်တွင်သာ ရန်ကုန်မြို့တွင်း ဈေးနှင့်ဆိုင်များမှ အဝယ်ရှိပြီး နယ်ပို့သည့် အဝယ်နည်းသွားသည်။ ဧပြီ ၁၁ နှင့် ၁၂ ရက်တွင် ဖွင့်သည့် ပွဲရုံ အနည်းငယ်ရှိပြီး ကြက်သွန်နီအဝင်လည်း သိသာစွာ နည်းသွားပြီး ဈေးနှုန်းမှာ ပြောင်းလဲမှုမရှိဟု သိရသည်။

### ဆန်

ရန်ကုန်ဈေးကွက်သို့ ယခုအပတ်အတွင်း ဆန်အဝင်နည်းသွားသည်။ ဆန်ကုန်စည်ဒိုင်နှစ်ခု ဧပြီ ၈ ရက်မှစ၍ သင်္ကြန်ပိတ်ရက် ပိတ်ထားရာ ဆန်ကြမ်းလက်ကားနှင့် လက်လီအိတ်ဆွဲ ရောင်းဝယ်မှုနည်းသည်။ ဆန်ချောများသာ လက်လီဈေးကွက်တွင် အဝယ်အချို့ရှိပြီး ဈေးနှုန်းအတက်ကြမ်းလာသည်။ ဖျာပုံပေါ်ဆန်းဆန် တစ်အိတ်ဈေးနှုန်း အိမ်အရောက်ပို့ ကျပ် ၈၄၀၀၀၊ မြောင်းမြပေါ်ဆန်း အိမ်အရောက်ပို့ တစ်အိတ်ဈေးနှုန်း ကျပ် ၈၆၀၀၀ နှုန်းသို့ ဈေးမြင့်လာသည်။ ရွှေဘိုပေါ်ဆန်းတစ်အိတ် လက်လီဈေးနှုန်း ထိပ်စကျပ် ၁၀၂၀၀၀ အထိ ရှိလာသည်။

### စားအုန်းဆီ

ဧပြီ ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးမှာ စားအုန်းဆီတစ်ပိဿာ ကျပ် ၄၇၉၀ ဖြစ်ရာ ယခင်အပတ်ထက် ရည်ညွှန်းဈေး တစ်ပိဿာ ၂၄၅ ကျပ် ဈေးမြင့်တက်လာသည်။ ရန်ကုန်ဈေးကွက်အတွင်း ဆီကန်များမှ ဆီထုတ်ယူ၍ မရသော်လည်း ဧပြီ ၁၀ ရက် ညောင်ပင်လေးဈေး ဆီဈေးကွက်တွင် အလှယ်လက်ငင်းဆီပီပါဈေး တစ်ပိဿာ ကျပ် ၆၅၅၀ နှုန်းဖြင့် ဈေးဖွင့်ထားသည်။ လက်လီဝယ်သူသာ များသည်။ နယ်ဈေးကွက်တွင် ဆီရောင်းသူများအနေဖြင့် အလှယ်လက်ကားတစ်ပိဿာဈေး ကျပ် ၆၇၀၀/၆၈၀၀ နှုန်းဖြင့် ဝယ်ယူထားမှုများသည်ဟု သိရသည်။

### ပဲ

ဆန်ကုန်စည်ဒိုင်နှင့် ပဲဒိုင်များ ပိတ်ရက်ပိတ်ထား၍ ဧပြီ ၈ ရက်အထိသာ ပဲဈေးနှုန်းဖွင့်ထားသည်။ ဧပြီ ၈ ရက်တွင် ပဲစင်းငုံနီတစ်တန် ကျပ် ၂၄ သိန်းနှုန်းသို့ ပြန်လည်မြင့်တက်လာသည်။ မတ် ၁၈ ရက်တွင် ပဲစင်းငုံဈေးကွက် သက်တမ်းတစ်လျှောက် အမြင့်ဆုံးဈေးအဖြစ် တစ်တန် ကျပ် ၂၄ သိန်းသို့ မြင့်တက်ခဲ့ရာမှ ပြန်လည်ဈေးကျကာ လဝက်အကျော် ပြန်လည်မြင့်တက်ရောက်ရှိလာသည်။ ဧပြီ ၈ ရက်တွင် မတ်ပဲ (RC)တစ်တန် ကျပ် ၂၀၇၀၀၀၀ ၊ (SQ/RCl) တစ်တန် ကျပ် ၂၃၁၅၀၀၀၊ ပဲတီစိမ်း ခရမ်းရွှေဝါထိပ်စ တစ်ပိဿာ ကျပ် ၃၇၅၀၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၄၆၀၀/၄၈၀၀ နှုန်း ရှိနေသည်။

### ကြက်သွန်နီ

ဧပြီ ၈ ရက် စနေနေ့တွင် ဘုရင့်နောင်သို့ နယ်စုံမှ ကြက်သွန်နီပိဿာချိန် ၂၇၀၀၀၀ ဝင်ရောက်ခဲ့သည်ဟု ကုန်စည်ဒိုင်ဈေးနှုန်းတွင် ဖော်ပြထားသည်။ ဧပြီ ၁၀ ရက်တွင်မူ နယ်စုံမှ ကြက်သွန်နီပိဿာချိန် ခုနစ်သောင်းဝန်းကျင်သာဝင်ပြီး ဈေးနှုန်းပြောင်းလဲမှုနည်းသည်။ ဆိပ်ဖြူလက်ကားတစ်ပိဿာ လတ်ချော ၁၀၇၅၊ လတ်သန့် ၁၂၀၀၊ လတ်ကြီး ၁၁၅၀၊ ရှယ် ကျပ် ၁၀၅၀ ၊ မြစ်သားလတ်ချော ၁၄၀၀၊ ကြားစ ၁၉၀၀၊ ခါးစ ၁၉၀၀ ရှယ်စ ၁၉၀၀ ကျပ်နှုန်း အသီးသီးရှိသည်။ ဧပြီ ၁၁ ရက်တွင် ပိဿာချိန် ၆၀၀၀ သာ ဝင်ရောက်သည်။

ဧပြီ ၁၁ ရက်တွင် ဆိပ်ဖြူဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၁၁၅၀၀၊ မြင်းခြံဈေးကွက်သို့ ပိဿာချိန် ၆၄၀၀၀၊ ပခုက္ကူဈေးကွက်သို့ ပိဿာချိန် ၉၂၀၀၀ ဝင်ရောက်သည်။

### ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်

ဧပြီ ၁၀ ရက် ရန်ကုန်ဈေးကွက်တွင် ရှမ်းကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ထူး–၂ ကျပ် ၂၈၀၀၊ ထူး–၃ ၃၃၀၀၊ ထူး–၄ ၃၅၀၀၊ ထူး–၅ ၃၇၀၀၊ ကြူကုတ်ကြက်သွန်ဖြူလက်ကားတစ်ပိဿာ ကျပ် ၄၄၅၀ နှုန်းရှိသည်။

ရှမ်းအောင်ပန်းအာလူး လက်ကားတစ်ပိဿာလျှင် A1 ကျပ် ၁၃၀၀၊ OK ၁၆၀၀၊ S1 ၁၈၀၀၊ S2 ၁၃၀၀ ကျပ်နှုန်းရှိသည်။

ငရုတ်ဈေးနှုန်းအနေဖြင့် ပန်းတနော်ငရုတ်ရှည်အသစ် လက်ကားတစ်ပိဿာ ကျပ် ၁၀၀၀၀/၁၀၂၀၀၊ ပန်းရဲငရုတ်ရှည်သစ် ကျပ် ၁၁၀၀၀/၁၀၀၀၀၊ မြှားနီငရုတ်ရှည်အသစ် တစ်ပိဿာ ကျပ် ၁၀၀၀၀၊ မိုးထောင်ဒီမို ကျပ် ၁၁၅၀၀–၁၁၇၀၀၊ မြစ်ဝငရုတ်ပွလက်ကားတစ်ပိဿာ ကျပ် ၁၃၀၀၀–၁၃၅၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွ ကျပ် ၁၂၀၀၀–၁၃၀၀၀ နှုန်း ရှိသည်။

**အောင်ခင်နိုင်**

## BIOFACH 2024 ပြပွဲကို လာမည့်နှစ် ဖေဖော်ဝါရီတွင် ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့၌ ကျင်းပမည်

**ဘာလင် ဧပြီ ၁၄**

အော်ဂဲနစ်စားသောက်ကုန်များနှင့် စိုက်ပျိုးရေးထုတ်ကုန်များအတွက် ကမ္ဘာ့အကြီးဆုံး ထိပ်တန်းကုန်စည်ပြပွဲကြီး ဖြစ်သည့် BIOFACH 2024 ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်ထိ ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့၌ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။ BIOFACH ကို Nuremberg Messe GmbH က ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သော BIOFACH 2023 သို့ နိုင်ငံပေါင်း ၁၃၅ နိုင်ငံမှ စိတ်ပါဝင်စားသူ ၃၆၀၀၀ နီးပါး လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းကုန်စည်ပြပွဲကြီးတွင် နိုင်ငံပေါင်း ၉၅ နိုင်ငံမှ လာရောက်ပြသသူ ၂၇၆၅ ဦးက အော်ဂဲနစ် စားသောက်ကုန်များနှင့် အလှကုန်ပစ္စည်းများကို ပြခန်းများနှင့် Digital event platform များဖြင့် ခင်းကျင်းပြသခဲ့ကြရာ နိုင်ငံတကာမှ အော်ဂဲနစ်စားသောက်ကုန်များနှင့် သဘာဝအလှကုန်ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများမှ ကိုယ်စားလှယ်များအချင်းချင်း တွေ့ဆုံခွင့်ရရှိခဲ့ကြသဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ပြီး အနာဂတ်ကာလကို ပုံဖော်နိုင်ခဲ့ကြသည်။

၂၀၂၂ ခုနှစ်က ကျင်းပခဲ့သော BIOFACH 2022 တွင် မြန်မာနိုင်ငံမှ လက်ဖက်ကုမ္ပဏီများက ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် Digital Event Platform များမှတစ်ဆင့် ပြသခြင်းများ ပါဝင်ဆောင်ရွက်ခဲ့သကဲ့သို့ Trade Visitors အဖြစ် ကြည့်ရှုလေ့လာမှုများလည်းရှိခဲ့သည်။

BIOFACH တွင် အော်ဂဲနစ်ဈေးကွက်များမှ ထုတ်လုပ်သူများနှင့် တွေ့ဆုံခွင့်ရရှိနိုင်ပြီး အော်ဂဲနစ်ကဏ္ဍ၏ နောက်ဆုံးပေါ် နည်းပညာများကိုပါ လေ့လာနိုင်သဖြင့် မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့် လာရောက်လေ့လာပြသသင့်သော ကုန်စည်ပြပွဲကြီးတစ်ခုဖြစ်ကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးက သုံးသပ်တင်ပြထားသည်။

**ကိုရိုး**

# ရုရှားနှင့် အိန္ဒိယကုမ္ပဏီများ စီးပွားရေးဆိုင်ရာများ ပူးပေါင်းလုပ်ကိုင်ရန် ဆွေးနွေး

နယူးဒေလီ ဧပြီ ၁၄

**ရုရှားကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Sergey Katyrin က အိန္ဒိယကုမ္ပဏီများ အနေဖြင့် ရုရှားနိုင်ငံနှင့် လက်တွဲလုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း ပြောကြားခဲ့သည်။**

ရုရှားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(FICCI) တို့က စီစဉ်ကျင်းပသည့် ဖိုရမ်ကို အိန္ဒိယ၌ ဧပြီ ၃ ရက်က စတင်ခဲ့သည်။ အဆိုပါဖိုရမ်ကို ရုရှားကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်သည့် ရုရှားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ Mr. Sergey Katyrin က ဦးစီးကျင်းပခြင်းဖြစ်သည်။

အိန္ဒိယကုန်သည်များအသင်းချုပ်က အိန္ဒိယကုမ္ပဏီမိတ်ဖက်များကို ကိုယ်တိုင်ရွေးချယ်နိုင်သည့် ပလက်ဖောင်းတစ်ခု ဖန်တီးထားကြောင်း၊ အဆိုပါပလက်ဖောင်းပေါ်၌ အိန္ဒိယစီးပွားရေးလုပ်ငန်း ၂၀၀ ကျော် မှတ်ပုံတင်ထားကြောင်း၊ ၎င်းတို့သည် ပြည့်စုံကြွယ်ဝသော စီးပွားရေးအစီအစဉ်များကို ပြင်ဆင်ထားကြောင်း အိန္ဒိယရှိ ရုရှားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ကိုယ်စားလှယ်ရုံးခန်းဖွင့်ပွဲတွင် Katyrin က ပြောကြားခဲ့သည်။




ဆက်လက်၍ ရုရှားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသများအကြောင်း၊ စက်မှုလုပ်ငန်းများအကြောင်း၊ အနောက်တိုင်းကုမ္ပဏီများ ရုရှားနိုင်ငံမှ ထွက်ခွာသွားသဖြင့် လစ်လပ်သည့်နေရာများနှင့် အခွင့်အလမ်းများအကြောင်း၊ ဝင်ငွေရရှိမည့်အခွင့်အလမ်းများ စသည့်မိမိတို့အကြောင်းနှင့် မိမိတို့၏ လိုအပ်ချက်များကို နိုင်ငံခြားလုပ်ဖော်ကိုင်ဖက်များထံ ပိုမိုပြောပြရန် ၎င်းက တိုက်တွန်းခဲ့သည်။

အဆိုပါဖိုရမ်သို့ အပေါ့စားစက်မှုလုပ်ငန်း၊ ဓာတုစက်မှုလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ အိုင်တီလုပ်ငန်း၊ စက်မှုအင်ဂျင်နီယာ၊ မော်တော်ယာဉ်နှင့် ဆန်းသစ်တီထွင်နည်းပညာလုပ်ငန်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ ရုရှားကိုယ်စားလှယ် အဖွဲ့၏ခရီးစဉ်တွင် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ခြင်း သဘောတူညီချက်လက်မှတ်ရေးထိုးခြင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အထူးစီးပွားရေးဇုန်များသို့ သွားရောက်လည်ပတ်ခြင်းနှင့် အိန္ဒိယနိုင်ငံရှိ ရုရှားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ကိုယ်စားလှယ် ရုံးခန်းဖွင့်လှစ်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း မော်စကိုမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## FTA ပါ အကျိုးခံစားခွင့်များကို ထိုင်းပို့ကုန်လုပ်ငန်းရှင်များ အသုံးပြုမှုမြင့်မား

ဘန်ကောက် ဧပြီ ၁၄

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းနှင့် ဘတ်ငွေ အားကောင်းလာမှုတို့ကြောင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များ၏ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် (FTA)ပါ အထူးအခွင့်အရေးများကို အသုံးပြုမှုသည် ဇန်နဝါရီလတွင် မြင့်မားနေဆဲဖြစ်သည်။

ထိုင်းပို့ကုန်လုပ်ငန်းရှင်များသည် အာဆီယံ၊ တရုတ်၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့မှ FTA အထူးအခွင့်အရေးများကို အများဆုံးအသုံးပြုခဲ့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၉ ဘီလီယံရှိကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

FTA အထူးအခွင့်အရေးများ အသုံးပြုမှုနှုန်းသည် ယခင်နှစ် ဇန်နဝါရီလအောက် ၁ ဒသမ ၆၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယခုနှစ်ဇန်နဝါရီလတွင် ၇၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် ညီတူညီမျှရှိသည်။ ၂၀၂၂ ခုနှစ်တွင် ထိုင်းပို့ကုန်လုပ်ငန်းရှင်များ၏ FTA အထူးအခွင့်အရေးများ အသုံးပြုမှုသည် အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၆ ဘီလီယံအထိ တိုးမြင့်လာခဲ့ပြီး ယခင်နှစ်ကထက် ၈၂ ဒသမ ၁ ရာခိုင်နှုန်းနှင့်ညီမျှသော ၁၀ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

အသုံးပြုသည့် FTA အထူးအခွင့်အရေးများသည် အလေးချိန် ငါးတန်အောက်ရှိသော ကုန်ပစ္စည်းများ၊ သကြား၊ ဓာတုရော်ဘာထုတ်ကုန်များ၊ လတ်ဆတ်သောဒူးရင်းသီးများ၊ မော်တော်ကားများနှင့် အခြားသော ဒီဇယ်ဆီ သို့မဟုတ် semi-diesel စက်ပစ္စည်းများနှင့် ၂၅၀၀ ကုဗစင်တီမီတာ ကုန်တင်ကားများကို သယ်ယူပို့ဆောင်ခြင်းတို့အတွက် အသုံးပြုမှုမြင့်မားခဲ့သည်ကို တွေ့ရှိရကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) အပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံနှင့် FTA ၁၄ ခုရှိသည်။ အထက်ဖော်ပြပါ FTA အခွင့်ထူးများကို အသုံးပြုမှုသည် မူရင်းအထောက်အထားအတွက် ကိုယ်တိုင်ကြော်ငြာရန်လိုအပ်သည့် ထိုင်း-နယူးဇီလန် FTA နှင့် စာချုပ်မတိုင်မီ ထိုင်းနိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းအများစုအပေါ် စည်းကြပ်ခွန်များ လျှော့ပေါ့ပေးခဲ့သည့် အာဆီယံ-ဟောင်ကောင် FTA တို့ ပါဝင်ခြင်းမရှိခဲ့ပေ။ ယခင်နှစ်က တင်ပို့မှုမြင့်မားခဲ့သည့် အဓိကကုန်ပစ္စည်းများမှာ ကုန်စည်သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လတ်ဆတ်သော ဒူးရင်းသီးများနှင့် ကြက်သားတို့ဖြစ်သည်။

ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း ဥရောပသမဂ္ဂ(EU)နှင့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ် (FTA) ဆွေးနွေးပွဲများ စတင်ရန်မျှော်မှန်းထားပြီး ဥရောပ လွတ်လပ်သော ကုန်သွယ်မှုအသင်း (European Free Trade Association -EFTA)၊ ကနေဒါ၊ တူကီယဲနှင့် သီရိလင်္ကာတို့နှင့် ဆောင်ရွက်ဆဲ FTA များကို အရှိန်အဟုန်မြှင့်တင်၍ အပြီးသတ်ဆွေးနွေးသွားရန် စီစဉ်ထားကြောင်း FTA ညှိနှိုင်းရေးတာဝန်ခံ ကုန်သွယ်မှုညှိနှိုင်းရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Ms. Auramon Supthaweethum က ပြောကြားသည်။

## ကမ္ဘာ့ကုန်သွယ်ရေးတွင် တရုတ်အပါအဝင် အာရှကို မှီခိုနေရဆဲဟု တရုတ်စက်မှုကျွမ်းကျင်သူများ သုံးသပ်

နန်နင်း ဧပြီ ၁၄

ကမ္ဘာ့ကုန်သွယ်ရေးအနေဖြင့် တရုတ်နိုင်ငံအပါအဝင် အာရှဒေသအပေါ် မှီခိုနေရဆဲဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ လုပ်ဆောင်မှုအချို့ကြောင့် ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်ဖြစ်စေသည့်ကြားမှပင် တရုတ်နိုင်ငံသည် ကမ္ဘာ့အရေးအကြီးဆုံး ကုန်ထုတ်လုပ်မှုအချက်အချာဖြစ်ကြောင်း တရုတ်နိုင်ငံ၌ မတ် ၂၈ ရက်က ကျင်းပခဲ့သည့် Boao Forum for Asia Annual Conference 2023 ၌ အကြီးတန်းစက်မှုလုပ်ငန်းကျွမ်းကျင်သူများနှင့် ကုမ္ပဏီအမှုဆောင်အရာရှိများက ပြောကြားခဲ့ကြသည်။

တရုတ်အပါအဝင် အာရှနိုင်ငံများအကြား ကုန်သွယ်မှုအရ အပြန်အလှန်မှီခိုမှု အဆင့်သည် အလွန်မြင့်ကြောင်း၊ အာဆီယံနိုင်ငံများအကြား မှီခိုမှုမှာ အမြင့်ဆုံးဖြစ်ပြီး ၂၁ ရာခိုင်နှုန်းရှိကြောင်း၊ ဂျပန်နှင့် တောင်ကိုရီးယားတို့၏ တရုတ်နိုင်ငံအပေါ်မှီခိုမှုမှာ ၂၀ ရာခိုင်နှုန်းကျော်ရှိကြောင်းနှင့် အာဆီယံနိုင်ငံများနှင့် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်တို့ ပါဝင်သည့် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) နိုင်ငံများ၏ တရုတ်နိုင်ငံအပေါ် မှီခိုမှုမှာ ၂၀ ရာခိုင်နှုန်းနီးပါး ရှိကြောင်း အဆိုပါဖိုရမ်မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။




G-20 နိုင်ငံများအနက် အများစုမှာ တရုတ်နိုင်ငံအပေါ် ကုန်သွယ်မှုအရ မှီခိုမှု မြင့်တက်လာသည်ကို တွေ့မြင်ရပြီး အမေရိကန်နှင့် ပြင်သစ်တို့သာ တရုတ်နိုင်ငံအပေါ် ကုန်သွယ်မှုအရ မှီခိုမှုကျဆင်းသွားကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ကုန်ထုတ်လုပ်မှုဗဟိုချက်အဖြစ် အနည်းဆုံး နောင် ၁၀ နှစ်မှ နှစ် ၂၀ အထိ ၎င်း၏နေရာကို ဆုံးရှုံးနိုင်ဖွယ် မရှိကြောင်း၊ အချို့သော လုပ်သားအင်အားသုံး လုပ်ငန်းများသည် အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့သို့ ရွှေ့ပြောင်းလာပြီး တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုဂေဟစနစ်တွင် ပိုမိုပေါင်းစပ်ပါဝင်လာသောကြောင့် တရုတ်နိုင်ငံ တစ်ခုလုံးအတွက် ပထဝီဝင်နိုင်ငံရေးအရ အကျိုးဖြစ်ထွန်းစေကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အာရှဒေသ၏ တစ်ဝက်တစ်ပျက် ကုန်ချောပစ္စည်းများ ကုန်သွယ်မှုတွင် အဓိက နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်မှုအများဆုံး တစ်ဝက်တစ်ပျက်ကုန်ချောပစ္စည်း ၂၂ မျိုးအနက် တရုတ်နိုင်ငံအနေဖြင့် အမျိုးအစား ၂၀ ကို ဦးဆောင်လျက်ရှိကြောင်း နန်နင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## ယခုနှစ် ပထမနှစ်ဝက်တွင် ထိုင်းနိုင်ငံ၌ ပို့ကုန်တင်ပို့မှု ကျဆင်းမည်ဟု ခန့်မှန်း

ဘန်ကောက် ဧပြီ ၁၄

ထိုင်းပို့ကုန်ကဏ္ဍသည် ယခုနှစ် ပထမနှစ်ဝက်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းအထိ တင်ပို့မှုကျဆင်းနိုင်သည်ဟု Thai National Shippers' Council (TNSC) ကုန်သွယ်ရေးအဖွဲ့က ခန့်မှန်းထားသဖြင့် ၂၀၂၃ ခုနှစ်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ထိုင်းပို့ကုန်များသည် ပထမသုံးလပတ်တွင် တစ်နှစ်ထက်တစ်နှစ် ၁၀ ရာခိုင်နှုန်းအထိ ကျုံ့နိုင်ဖွယ်ရှိကြောင်း TNSC ၏ ဥက္ကဋ္ဌ Chaichan Chareonsuk က ပြောကြားသည်။

ပို့ကုန်ကဏ္ဍသည် ၂၀၂၃ ခုနှစ် ဒုတိယသုံးလပတ်တွင် ပြန်လည်မကောင်းမွန်နိုင်ဘဲ တတိယသုံးလပတ်နှင့် စတုတ္ထသုံးလပတ်တို့တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၁၂ ရာခိုင်နှုန်း အသီးသီး ပြန်လည်မတက်လာမီ ၅ ရာခိုင်နှုန်း ကျုံ့သွားနိုင်ကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်အတွက် ထိုင်းပို့ကုန်တန်ဖိုးသည် ၇ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီးနောက် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃၈ ဘီလီယံရှိရန် မျှော်လင့်ထားကြောင်း၊ သို့သော်လည်း စီးပွားရေးအခြေအနေနှင့် တရုတ်၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကဲ့သို့သော အဓိကကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေး ပြန်လည်ဦးမော့လာမှုပေါ် မူတည်၍ ပို့ကုန်ကဏ္ဍသည် ဒုတိယနှစ်ဝက်တွင် ၇-၉ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ ပို့ကုန်သည် ယခုနှစ်တွင် ယေဘုယျအားဖြင့် သုည ရာခိုင်နှုန်းမှ တစ် ရာခိုင်နှုန်းအထိ တိုးလာမည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။

အခြေအနေများသည် ထပ်မံဆိုးရွားလာခြင်းမရှိဘဲ ဆီဈေးနှုန်း၊ ငွေကြေးဖောင်းပွမှုနှင့် ငွေလဲလှယ်နှုန်း စသည်တို့ကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဆိုပါက ဒုတိယနှစ်ဝက်တွင် ပို့ကုန်ကဏ္ဍ ပြန်လည်ကောင်းမွန်ရန် အခွင့်အလမ်းရှိနေဆဲဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# လွိုင်ကော်မြို့၌ မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပ

**လွိုင်ကော် ဧပြီ ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့ ) မွန်းလွဲပိုင်းက နောင်ယား (ခ) ရပ်ကွက်ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကယားပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကာ သင်္ကြန်ယိမ်းအဖွဲ့များက ဖွင့်ပွဲသီချင်းဖြင့် စုပေါင်း သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ အတာသင်္ကြန်ရေပက်ဖျန်းပြီး နှစ်ဦးသင်္ကြန်ကို ကြိုဆိုကြသည်။ ထို့နောက် ယိမ်းအဖွဲ့က သင်္ကြန်ယိမ်းအကအလှများ၊ မြန်မာ့ဂီတ၊ ခေတ်ပေါ် တေးဂီတများနှင့် သင်္ကြန်တေး သီချင်းများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

အဆိုပါဗဟိုမဏ္ဍပ်၌ သင်္ကြန်ပွဲတော်ရက်များအတွင်း ယိမ်းအကအဖွဲ့များက နေ့အလိုက် ပါဝင်ယှဉ်ပြိုင် ကပြသွားကြမည်ဖြစ်ပြီး သင်္ကြန်အတက်နေ့ ပိတ်ပွဲ အခမ်းအနားတွင် ပြိုင်ပွဲဝင်ဆုရ အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

သင်္ကြန်ပွဲတော် အကြိုနေ့မှ အတက်နေ့အထိ ဗဟိုမဏ္ဍပ်နှင့် ရပ်ကွက်အတွင်းရှိမဏ္ဍပ်အသီးသီးတွင် ဖျော်ဖြေရေးတင်ဆက်မှုများ အပြင် ကယားပြည်နယ် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက စတုဒိသာစုပေါင်းအလှူကို ကျွေးမွေးလှူဒါန်းမည်ဖြစ်ပြီး မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ခြင်းများနှင့် သက်ကြီးပူဇော်ပွဲများ ကျင်းပမည်ဖြစ်သည်။

ကယားပြည်နယ်အစိုးရအဖွဲ့က ဗဟိုမဏ္ဍပ်နှင့် မဏ္ဍပ်အသီးသီးတွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ဖျော်ဖြေရေးနှင့် စတုဒိသာကျွေးမွေး လှူဒါန်းရေးအစီအစဉ်များ နေ့စဉ်ဆောင်ရွက်ပေးထားသည့်အပြင် ပွဲတော်ကိုဆင်နွှဲမည့် ပြည်သူများ၏ လုံခြုံရေးအတွက်လည်း တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)






ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ရွှေလုံမောင်-မယ် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် နံနက်ပိုင်းက အောက်ကြည့်မြင်တိုင်လမ်းမ အထက(၅)အလုံကျောင်းရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးကျော်သန်းဝင်းက နှစ်သစ်ကူးမင်္ဂလာစကားပြောကြားပြီး အလုံခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး ခင်မောင်ဦး၊ ခရိုင်လဝကဦးစီးမှူး ဦးအောင်ဇော်မိုး၊ အလုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများက ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

တင်မောင်ဦး(အလုံ)

## ညောင်လေးပင်မြို့နယ် မဟာသင်္ကြန်၌ နေ့စဉ်ယိမ်းအဖွဲ့ ၁၀ ဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေမည်

**ညောင်လေးပင် ဧပြီ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရုံးပေါင်းစုံလမ်းထိပ်၌ ဧပြီ ၁၃ ရက် ညနေပိုင်းက ကျင်းပရာ ညောင်လေးပင်ခရိုင် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက နှုတ်ခွန်းဆက် စကားပြောကြားပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ညောင်လေးပင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာများမှ ယိမ်းအဖွဲ့ ၁၀ ဖွဲ့တို့မှ နေ့စဉ်ယှဉ်ပြိုင်ကပြဖျော်ဖြေခြင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့ ရပ်ကွက်/လမ်းများအလိုက် စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# တောင်ငူမြို့ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာရေကစား

**တောင်ငူ ဧပြီ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးရှေ့၌ ဧပြီ ၁၃ ရက် ညနေပိုင်းက ကျင်းပရာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တောင်ငူမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် သင်္ကြန်တေးသီချင်းများ၊ ရိုးရာယဉ်ကျေးမှု အကများ၊ စတိတ်ရှိုးအစီအစဉ်များဖြင့် သင်္ကြန်ကာလအတွင်း နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီအထိနှင့် ညနေ ၄ နာရီမှ ၆ နာရီအထိ သီဆိုဧည့်ခံဖျော်ဖြေမည်ဖြစ်ပြီး လာရောက်သော



ပြည်သူများအား ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်း၍ အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် သင်္ကြန်အကြိုနေ့မှစတင်ကာ နေ့စဉ်ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ပလင်းကမ်းသာယာဆင်စခန်းသို့ သင်္ကြန်ရုံးပိတ်ရက်များအတွင်း ခရီးသွားဆင်ချစ်သူများ ဝင်ရောက်မှုများပြားလာ

**ညောင်ဦး ဧပြီ ၁၄**

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ- ပခုက္ကူကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ သင်္ကြန်ကာလရုံးပိတ်ရက်များတွင် ခရီးသွားဆင်ချစ်သူများ ဝင်ရောက်လည်ပတ်မှု များပြားလာကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ရှိသူများထံက သိရသည်။**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ မြန်မာပြည်အရပ်ရပ်မှရီးသွားများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ရင်း ပလင်းကမ်းသာယာဆင်စခန်းသို့လာရောက်လေ့လာကြကြောင်း၊ ခရီးသွားဆင်ချစ်သူများသည် ပလင်းကမ်းသာယာ ဆင်စခန်းဝင်းအတွင်းရှိ ဆင်ပြတိုက်၊ ကလေးကစားကွင်း၊ ဆင်များထားသည့်နေရာ၊ ဆင်ရေချသည့်နေရာ၊ ရှုမျှော်ခင်းကြည့်တံတား၊ Tree House၊ မြစ်ကမ်းလေးတစ်လျှောက် တည်ဆောက်ထားသည့်ခြေတံရှည်တဲများပေါ် အနားယူပြီး မြစ်ကမ်းဘေးအလှများကို ကြည့်ရှုခြင်းများနှင့် ဆင်စီးပြီး မြစ်ကမ်း ဘေးအလှများကို ကြည့်ရှုကြကြောင်း သိရသည်။

ပလင်းကမ်းသာယာ ဆင်စခန်းသို့ လာရောက်ကြသည့် ဆင်ချစ်သူများသည် ဆင်စာကျွေးခြင်း၊ အစားအစာများ မှာယူစားသောက်ခြင်းများဖြင့် ပလင်းကမ်းသာယာ ဆင်စခန်းတွင် လာရောက်လည်ပတ်သူ များပြားနေကြောင်း ဆင်စီးသူများလည်း များပြားလျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**



ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်ကြသည့် ဆင်ချစ်သူများက ဆင်စာကျွေးမွေးစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၄-၂၀၂၃ စနေနေ့

**MRTV HD**

- **၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တာသုတ်၊ ရတနသုတ်၊ ဇောဇ္ဇင်္ဂသုတ်အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** Weekly Sports Info
- **၀၈:၃၅** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- **၀၉:၁၀** ဒါသကြိန်အဆိုအကများ
- **၀၉:၃၅** New Future Program
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ဒါသကြိန်အဆိုအကများ
- **၁၂:၃၀** 'မေတ္တာလွှမ်းခြုံဘေးရန်လုံ' တရားတော်
- **၁၃:၀၀** ဒါသကြိန်အဆိုအကများ
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** 'မြန်မာသက္ကရာဇ်၁၃၈၄ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၁)ရက်၊ ၂၀၂၃ခုနှစ်၊ ဧပြီလ(၁၅)ရက်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကြတ်နေ့မြင်ကွင်းများ' (နေပြည်တော်၊ရန်ကုန်၊မန္တလေး)
- **၁၆:၄၅** ဒါသကြိန်အဆိုအကများ
- **၁၇:၁၅** ဇေယျာရွှေမြေသို့ခရီးသွားခြင်း (အပိုင်း-၁) (စစ်ကိုင်းတိုင်းဒေသကြီးမှဖိတ်ခေါ်ပါသည်)
- **၁၇:၃၀** ဒါသကြိန်အဆိုအကများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ဒါသကြိန်အဆိုအကများ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **"ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်ရုံး"** (အပိုင်း-၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဒါသကြိန်အဆိုအကများ
- **၂၁:၂၀** 'မြန်မာသက္ကရာဇ်၁၃၈၄ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၁)ရက်၊ ၂၀၂၃ခုနှစ်၊ ဧပြီလ(၁၅)ရက်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကြတ်နေ့မြင်ကွင်းများ' (နေပြည်တော်၊ရန်ကုန်၊မန္တလေး)
- **၂၂:၂၀** ဥဇုဗြာမဂ်လာ(ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) **'အသေဝနာစ ဗာလာနံ နှင့် ပတိရူပဒေသဝါသောစ'**

**mitv**

- **07:01** Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- **07:07** Weekly Review
- **07:23** Myanma Traditional Art, Silversmith
- **07:27** Skilled Performance of Traditional Myanmar Colored Glass Ball
- **07:45** Myanmar Family Life: Myanmar Code of Dress
- **08:01** News
- **08:28** Danu Food: Tofu Dish
- **08:36** Thingyan Songs & Dances
- **09:01** Quiz Time
- **10:01** News
- **10:26** Children's Delight: Twelve Seasonal Festivals in Myanmar (Tagu Month)

**MRTV NRC**

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ရိုးရာကြက်သားသုပ်

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရား

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
မြန်မာ့ရိုးရာမဟာသင်္ကြန်(နေပြည်တော်လမ်းလျှောက်သင်္ကြန်)မြင်ကွင်းတိုက်ရိုက်ထုတ်လွှင့်မှု

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
မြန်မာ့ရိုးရာမဟာသင်္ကြန်(နေပြည်တော်လမ်းလျှောက်သင်္ကြန်)မြင်ကွင်းတိုက်ရိုက်ထုတ်လွှင့်မှု

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာ့ရိုးရာမဟာသင်္ကြန်(နေပြည်တော်လမ်းလျှောက်သင်္ကြန်)မြင်ကွင်းတိုက်ရိုက်ထုတ်လွှင့်မှု

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
မြန်မာ့ရိုးရာမဟာသင်္ကြန်(နေပြည်တော်လမ်းလျှောက်သင်္ကြန်)မြင်ကွင်းတိုက်ရိုက်ထုတ်လွှင့်မှု

**ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၀:၀၀)**
မျိုးကြွတေးသံ NRCသင်္ကြန်(အပိုင်း-၃)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြစို့

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ပျော်ရွှင်ဆင်နွှဲရိုးရာသင်္ကြန်ပွဲ

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ရှားစောင်းလက်ပပ်ရဲ့အစွမ်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၈:၄၅** ပျော်ရွှင်စွာပါဝင်နွှဲ အတာရေသဘင်ပွဲ
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၀:၄၅** မြန်မာ့သနပ်ခါး
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
  ဒါသကြိန်အဆိုအကများ
- **၀၈:၃၀** မန္တလေးမြို့မဟာသင်္ကြန်အကြတ်နေ့ (နံနက်ပိုင်း) (Live)
  ဒါသကြိန်အဆိုအကများ
- **၁၅:၃၀** မန္တလေးမြို့မဟာသင်္ကြန်အကြတ်နေ့ (ညနေပိုင်း) (Live)
  ဒါသကြိန်အဆိုအကများ

**MRTV FARMERS**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၅၀** ရှောက်၊ လိမ္မော်ကိုင်းကူးကိုင်းဆက်နည်းအကြောင်း
- **၀၇:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- **၀၇:၄၅** ရေပေါ်မှသဘာဝသီးနှံ
- **၀၈:၃၀** ရှာဖွေလေ့လာပြည်ဆင်စခန်း
- **၀၈:၅၀** အတူတကွပူးပေါင်းဆောင်ရွက် တောင်သူအကျိုးစီးပွားအတွက်
- **၀၉:၀၀** နေပြည်တော်မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်(အကြတ်နေ့)မနက်ပိုင်းတိုက်ရိုက်ထုတ်လွှင့်မှု
- **၁၅:၀၀** နေပြည်တော်မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်(အကြတ်နေ့)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၇:၀၀** Sports News
- **၀၈:၀၀** ရန်ကုန် မဟာသင်္ကြန် အကြတ်နေ့မြင်ကွင်း တိုက်ရိုက်ထုတ်လုပ်မှု
- **၁၃:၀၀** ဒါသကြိန်အဆိုအကများ
- **၁၅:၀၀** ရန်ကုန် မဟာသင်္ကြန် အကြတ်နေ့မြင်ကွင်း တိုက်ရိုက်ထုတ်လုပ်မှု
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၈)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ဖားဆောင်းမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် တမူးမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ချောက်မြို့နှင့် တောင်ငူမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၄ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၃၀ ကျပ် | ၂၂၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၉၅ ကျပ် | ၂၃၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၉ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၉၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၀၀၀ | ၂၆၃ | ၂၀၉၂၇၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၄၇၈ | ၁၄၃၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၄၁၀၁ | ၅၉၅၁၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၇ | ၁၈၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တစ်ခဏ ဒုလ္လဘ ဘဝမှာ အကျိုးရှိစွာ ကျင့်ကြံပါ

မောင်ယဉ်ဦး

**မဟာသင်္ကြန်သည် မြန်မာလူမျိုးများ၏ ရေပက်ကစားကြသည့် ရေသဘင်ပွဲတော်တစ်ခုလည်း ဖြစ်သည်။ ရေပက်ကစားခြင်းအား မြန်မာလူမျိုးများသာမက မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများအားလုံး ပျော်ရွှင်နှစ်သက်စွာ ရေပက်ကစားကြသည်။**



ရေပက်ကစားခြင်းနှင့်အတူ ကောင်းမှုကုသိုလ်များလည်း ပြုလေ့ရှိကြသည်။ စတုဒိသာကျွေးမွေးခြင်း၊ သက်ကြီးဘိုးဘွားများအား ခြေသည်း၊ လက်သည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းနှင့်အတူ စုပေါင်းကန်တော့ကြခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ရေအလှူပေးခြင်းများသည် ရေပက်ကစားသည့် အလေ့အထနှင့်အတူ တွေ့မြင်ကြရသည့် ကောင်းမှုကုသိုလ်တော်များဖြစ်သည်။

**ဝိနည်းသိက္ခာပုဒ်များ စောင့်ထိန်းနိုင်ခြင်း မရှိလျှင် ဆိုးကျိုးများ ရရှိတတ်**

ထိုထက်ပို၍ နေရာဒေသအနှံ့ တွေ့မြင်ကြရသည်မှာ လူငယ်လူရွယ်များအား ဘုန်းတော်ကြီးကျောင်းများတွင် တစ်ဦးချင်းစီဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဒုလ္လဘဟုခေါ်သော ရဟန်းဘောင်သို့ ဝင်ရောက်ကြခြင်းပင်ဖြစ်သည်။ လူငယ်လူရွယ်များက ဒုလ္လဘရဟန်းဝတ်ကြပြီး ရဟန်းခံရန် အသက်မပြည့်မီသူများသည် ဒုလ္လဘ သာမဏေဝတ်ကြသည်ကို တွေ့မြင်ရသည်မှာ ကောင်းမွန်သည့်လုပ်ရပ်ဖြစ်သည်။ ထိုသို့ ကောင်းမွန်မြင့်မြတ်သည့် သာမဏေ/ရဟန်းအဖြစ်သို့ ဒုလ္လဘအဖြစ် ဝင်ရောက်ခဲ့ကြသော်လည်း စောင့်ထိန်းအပ်သည့် ဝိနည်းသိက္ခာပုဒ်များအား စောင့်ထိန်းနိုင်ခြင်းမရှိလျှင် ဆိုးကျိုးများရရှိတတ်သည်ကို သတိမူသင့်ပေသည်။

မိမိတို့ မိသားစုစားဝတ်နေရေးအတွက် လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်နေကြရသူ(အမျိုးသား)များသည် မဟာသင်္ကြန်ကာလတွင် မိမိတို့အလုပ်ခွင်မှ ခေတ္တခဏ ခွင့်ယူ၍ ရဟန်းဘဝသို့ ခေတ္တခဏ ဝင်ရောက်ကာ ရခဲလှသည့်ရဟန်းအဖြစ် ခံယူခြင်းအား ဒုလ္လဘဟု ခေါ်ဆိုကြလေသည်။

လူ့ဘဝဟူသည်ကား လွန်စွာရနိုင်ခဲသည့်ဘဝဖြစ်သည်။ လူ့ဘဝအားရရှိရန် လူ့ပြည်မှ အပ်တစ်စင်းနှင့်ဗြဟ္မာ့ပြည်မှ အပ်တစ်စင်း ထိမိသည်မှ လွယ်ကောင်းလွယ်နိုင်သော်လည်း လူ့ဘဝကို ရရှိရန်ကား များစွာခက်ခဲသည်ဟု ဆိုရိုးစကားရှိလေသည်။

သို့ပါ၍ မနုဿတ္တဘာဝေါ ဒုလ္လဘောဟု ဆိုသည့်အတိုင်း လူ့ဘဝဟူသည် ရနိုင်ရန်ခက်ခဲသည့် ဒုလ္လဘတရားငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။

**ဒုလ္လဘတရားငါးပါး**

၁။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ
(ဘုရားအဖြစ်ကို ရခဲခြင်း)

၂။ မနုဿတဘာဝ ဒုလ္လဘ
(လူ့ဘဝ/လူအဖြစ်ကို ရခဲခြင်း)

၃။ သဒ္ဒါ သမ္ပတ္တိဒုလ္လဘ
(ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့်ကံ ကံ၏အကျိုးအား ယုံကြည်ခြင်းစိတ်ဓာတ်ကို ရခဲခြင်း)

၄။ ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘ
(ဘုရားသာသနာအတွင်း၌ ရှင်သာမဏေနှင့် ရဟန်းအဖြစ်ကို ရခဲ့ခြင်း)

၅။ သဒ္ဓမ္မသဝနအတိ ဒုလ္လဘ
(သူတော်ကောင်းတို့၏ တရားစစ် တရားမှန်တို့အား အလွန်ကြားနာရခဲခြင်း) ... တို့သည် ရခဲသည့် ဒုလ္လဘတရားများ ဖြစ်သည်။

**စောင့်ထိန်း ကျင့်ကြံလိုက်နာရန်လို**

ထိုသို့ ရခဲလှသည့်ဒုလ္လဘတရား ငါးပါးတွင် ပါဝင်သည့်ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘ (ဘုရားသာသနာအတွင်း သာမဏေ၊ ရဟန်းအဖြစ်ကို ရခဲခြင်း) အဖြစ်သို့ ဝင်ရောက်မည်ဆိုပါက သာမဏေများစောင့်ထိန်းကျင့်ကြံရမည့် ပညတ်များ၊ ရဟန်းတော်များ စောင့်ထိန်းကျင့်ကြံရမည့် ဝိနည်းသက္ခာတို့အား လိုက်နာရန် အထူးလိုအပ်ပေသည်။

လူ့ဘဝ လူ့အဖြစ်တွင် လွတ်လပ်ပေါ့ပါးစွာ နေထိုင်နိုင်သော်လည်း သာမဏေဘဝ၊ ရဟန်းဘဝအဖြစ်သို့ ဝင်ရောက်ပြီဆိုပါက ဆိုင်ရာဆိုင်ရာ ဝိနည်းအတိုင်း လိုက်နာရပေမည်။ ရခဲလှသည့် လူ့ဘဝကို ရရှိခဲ့ပြီး ထပ်မံ၍ ရခဲလှသည့် သာမဏေဘဝ ရဟန်းဘဝအား တစ်ခဏတာ (ဒုလ္လဘ)ရယူမည်ဆိုပါက အကျိုးရှိအောင် ပြုမူနေထိုင်သင့်သည်။

သာမဏေဘဝ၊ ရဟန်းဘဝကို ရရှိပြီးမှ သာမဏေဘဝ၊ ရဟန်းဘဝနှင့် မကိုက်ညီသည့် ပြုမူပြောဆိုနေထိုင်ခြင်းများအား ပြုမူပြောဆိုနေပါက သင်္ကန်းဝတ်ထားသော်လည်း လူ့ဘဝ လူ့အဖြစ်အတိုင်းပင် ရှိနေမည်ဖြစ်သည်။

ဒုလ္လဘရဟန်းဝတ်ခြင်းသည် ကောင်းသောအလုပ်ဖြစ်သော်လည်း အခန့်မသင့်လျှင် ပါရာဇိကကျရသည့်အဖြစ်မျိုးသို့ ရောက်တတ်လေသည်။ ရဟန်းဘဝဟူသည် ရဖို့ရန်ခက်သလို ထွက်ဖို့ရန်လည်း ခက်လေသည်။

**ရဟန်းဘောင်သို့ ဝင်ရောက်ခြင်း**

မြင့်မြတ်သည့် ရဟန်းအဖြစ်သို့ ဝင်ရောက်ပါက သိမ်ထဲဝင်ရောက်ကာ အနည်းဆုံး ရဟန်းစစ်စစ်ငါးပါးပါရှိပြီး ဥာန်ကရိုဏ်းမှန်စွာ ကမ္မဝါဖတ်ပြီးမှ ရဟန်းဘဝသို့ ရောက်ရှိသည်။

လူထွက်သည့်အခါ၌လည်း အဝတ်လဲရုံဖြင့် မပြီးသေး၊ သိက္ခာချပြီးမှ လူဝတ်လဲရသည်။ သိက္ခာချသည့်အခါ သင်ပြပေးသည့် ဆရာသည် အလွန်အရေးကြီးသည်။ သိက္ခာမချတတ်လျှင် သိက္ခာမကျ၊ လူဝတ်လဲသော်လည်း ရဟန်းဘဝ၌တည်ရှိနေသေးသည် ဆိုသည်အား ဂရုပြုသင့်သည်။

သို့ဖြစ်၍ မဟာဂန္ဓာရုံဆရာတော်က အောက်ပါအတိုင်း သတိပေးခဲ့လေသည်-

"ယခုခေတ်၌ ဇနီးရှိနေသော ဒုလ္လဘရဟန်းတို့သည် လူဝတ်လဲသောအခါ ဆရာသမားတို့က ကျကျနန သိက္ခာချ၍ မပေးလိုက်ကြဘဲ လူဝတ်လဲရုံမျှဖြင့် ကိစ္စပြီးသည်ဟု မှတ်ထင်ကာ သိက္ခာမချဘဲသော်လည်းကောင်း၊ သိက္ခာချသော်လည်း အင်္ဂါမညီ၍သော်လည်းကောင်း၊ လူဝတ်လဲ၍ အိမ်သို့ပြန်သွားကြလေရာ ပါရာဇိကကျ၍ နေတတ်လေသည်။ ပါရာဇိကကျလျှင် နောက်ထပ်လည်း ဒုလ္လဘရဟန်းမပြုကောင်းတော့။ သာမဏေသာ ဝတ်ကောင်းတော့သည်။

ထို့ကြောင့် သိက္ခာချလိုသောအခါ သင်္ကန်းမလဲသေးဘဲ တပည့်တော်ကို သာမဏေမှတ်ပါဟု ရဟန်းတစ်ပါးထံ ချရမည်။ဤသို့ ချလျှင်ပင် မိမိကိုယ်တိုင်လည်း သာမဏေမှတ်၍ နားထောင်သူကလည်း သာမဏေဟု မှတ်လျှင်သိက္ခာကျပါပြီ။

ဒုလ္လဘဟုဆိုလျှင် အချို့က ခဏဝတ်သော ရဟန်း၊ သာမဏေများကိုသာ ဆိုသည်ဟု အထင်ရောက်တတ်ကြ၏။

အမှန်အားဖြင့် ဒုလ္လဘဟူသည် ရခဲခြင်း၊ ခက်ခက်ခဲခဲရရှိခြင်းဟု အဓိပ္ပာယ်ရ၏။ ခဲခဲယဉ်းယဉ်း ခက်ခက်ခဲခဲရရှိသည့် ဘဝဖြစ်သဖြင့် ရဟန်းဘဝရောက်ရှိလာကြသည့်သူများကို ဒုလ္လဘဟု ဆိုကြခြင်းဖြစ်၏။

**ဒုလ္လဘ ဘဝ တွေ့မြင်နေကြရသည်များ**

ယခုနောက်ပိုင်းတွင် ထိုသို့ခက်ခဲစွာရရှိလာသည့် ရဟန်းဘဝ အနှစ်သာရပျောက်ကာ အချို့သော ခဏဝတ် ရဟန်းသာမဏေများသည် သာသနာ့ဘောင်တွင် သင်္ကန်းဝတ်၍ လုပ်ချင်သလို လုပ်နေသည့်သဘော ဖြစ်နေသည်ကို စိတ်မကောင်းဖွယ် တွေ့ရှိရ၏။ မနက်ပိုင်းသိမ်ဝင် ညနေပိုင်း လက်ဖက်ရည်ဆိုင်ထိုင်၊ ညစာစား၊ ဝိနည်းသိက္ခာကို ထင်သလို ကစားနေကြသလို ဖြစ်နေကြ၏။ အချို့သော ဒုလ္လဘများသည် သာမဏေ/ရဟန်းဝတ်သည်မှာ ရက်ပိုင်းမျှသာဖြစ်သော်လည်း သာမဏေ/ရဟန်းအဖြစ်မှ ပြန်လည်၍ ထွက်သွားသည့်အခါ အာပတ်များကား မရေမတွက်နိုင်အောင် ယူသွားသလို ဖြစ်နေကြ၏။

**တစ်ခဏတာဆိုပြီး လျစ်လျူမရှုသင့်**

အချို့သော ဘုန်းတော်ကြီးကျောင်းများသည် မိမိတို့၏ ကျောင်းတိုက်သို့ မဟာသင်္ကြန်ကာလတွင် ဒုလ္လဘအဖြစ် လာရောက်၍ သာမဏေ/ရဟန်းပြုကြသူများအား ခဏတာပဲဟုဆိုကာ ဝိနည်းသိက္ခာပုဒ်များနှင့်အညီ ပြုမူနေထိုင်ရန် ပြောဆိုဆုံးမခြင်း အားနည်းသည့်အတွက် တစ်ခဏဝတ် ဒုလ္လဘရဟန်း၊ သာမဏေအချို့သည် သာသနာတော်အပေါ် အလွယ်သဘောထားကြသည့်အတွက် ဒုလ္လဘ၏ အနှစ်သာရ ရှားသွားကြ၏။ အလိုလိုက်မှုများ၏ နောက်ကွယ်တွင် ထိုသို့ အလွယ်ဒုလ္လဘပြုသူများကပင် ထိုကျောင်းနှင့် ကျောင်းတိုက်ဆရာတော်၊ သံဃာတော်များအပေါ် အပြင်လောကတွင် အပြစ်များပင် ပြန်ဖော်လေ့ရှိတတ်ကြ၏။ နေချင်သလို နေခွင့်ပေးလိုက်ခြင်း၏ နောက်ဆက်တွဲအဖြစ် သာသနာတော်အပေါ် တန်ဖိုးမထားတတ်သူများ၊ သာသနာတော်ကို အထင်သေးသူများ ပိုမိုများပြားလာနိုင်ခြင်းပင် ဖြစ်၏။

**အမှန်စစ်စစ် ဒုလ္လဘ အဖြစ်သိရှိရန်လို**

သာသနာ့ဘောင် ဝင်လာသည့်အခိုက်တွင် လွတ်လွတ်လပ်လပ်နေစေမည့်အစား ကျင့်သင့်ကျင့်ထိုက်သည်များ၊ ပွားသင့်ပွားထိုက်သည်များကို စနစ်တကျ သင်ပေးသင့်လှ၏။ မလိုက်နာနိုင်၊ မကျင့်နိုင်ခြင်းသည် ထိုဒုလ္လဘ၏ သဒ္ဓါဝီရိယပေါ်မှာသာ မူတည်၏။ သာသနာတွင် အလွယ်နေလို့မရ၊ သာသနာတွင်း ရဟန်းဘဝသည် ခက်ခဲလှသည့် သဘောသဘာဝကို ခဏဝတ်ရဟန်းသာမဏေများ သိရှိသွားမှသာ သာသနာတော်၏တန်ဖိုး၊ ရဟန်းဘဝ၏တန်ဖိုး၊ ကျောင်းတိုက်၏တန်ဖိုး၊ ဆရာတော် သံဃာတော်များ၏ တန်ဖိုးလည်း ရှိနေမည် ဖြစ်၏။ အားနာလို့ လွတ်လပ်စွာ နေခွင့်ပေးလိုက်ခြင်းသည် ခဏအခိုက်အတန့် ကျေနပ်သွားဖွယ်ရှိသော်လည်း အိမ်ပြန်ရောက်သည့်အခါ အပြစ်များသာ ပြောဆိုကြဖွယ် ရှိနေပေ၏။ တန်ဖိုးသိမှ တန်ဖိုးရှိဟု ဆိုသကဲ့သို့ ဒုလ္လဘတန်ဖိုးကိုသိ၍ ထိုတန်ဖိုးကို ရရှိအောင် အသုံးချနိုင်မှသာလျှင် အမှန်စင်စစ် ဒုလ္လဘဖြစ်သည်ကို သိရှိစေရန် လိုအပ်လှပေ၏။

**ဒုလ္လဘ ဘဝ အကျိုးရှိစွာ ဖြစ်စေလို**

သို့ပါ၍ မဟာသင်္ကြန်ကာလတွင် ရခဲလှသည့် ဒုလ္လဘ ရဟန်း/သာမဏေများအနေဖြင့် များပြားလှသည့် စောင့်ထိန်းရမည့် ဝိနည်းသိက္ခာပုဒ်များအား အတတ်နိုင်ဆုံး စောင့်ထိန်းလိုက်နာ ကျင့်သုံးကြခြင်းဖြင့် တစ်ခဏတာ ဒုလ္လဘ ရဟန်း/သာမဏေဘဝများအား အကျိုးရှိစွာပြုမူနေထိုင်ရင်း မိမိအား ရဟန်း/သာမဏေဘောင်သို့ သွတ်သွင်းပေးသူများ၊ ဥပဇ္ဈာယ်ဆရာတော်များ၊ ရဟန်း/သာမဏေအဖြစ် သီတင်းသုံးရာကျောင်းတိုက်နှင့် မိမိတို့၏ ဘာသာ သာသနာတော်အား အများပြစ်တင်ကဲ့ရဲ့ခြင်းမှ ကင်းစေရန်နှင့် တစ်ခဏ ဒုလ္လဘဘဝအား အကျိုးရှိစွာ လိုက်နာကျင့်ကြံ စောင့်ထိန်းကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> **" သာသနာ့ဘောင်ဝင်လာသည့်အခိုက်တွင် လွတ်လွတ်လပ်လပ်နေစေမည့်အစား ကျင့်သင့်ကျင့်ထိုက်သည်များ၊ ပွားသင့်ပွားထိုက်သည်များကို စနစ်တကျ သင်ပေးသင့်လှ၏။ မလိုက်နာနိုင်၊ မကျင့်နိုင်ခြင်းသည် ထိုဒုလ္လဘ၏ သဒ္ဓါဝီရိယပေါ်မှာသာ မူတည်၏။ သာသနာတွင် အလွယ်နေလို့မရ၊ သာသနာတွင်း ရဟန်းဘဝသည် ခက်ခဲလှသည့်သဘောသဘာဝကို ခဏဝတ်ရဟန်းသာမဏေများ သိရှိသွားမှသာ သာသနာတော်၏တန်ဖိုး၊ ရဟန်းဘဝ၏တန်ဖိုး၊ ကျောင်းတိုက်၏တန်ဖိုး၊ ဆရာတော် သံဃာတော်များ၏ တန်ဖိုးလည်း ရှိနေမည်ဖြစ်၏။ အားနာလို့ လွတ်လပ်စွာနေခွင့်ပေးလိုက်ခြင်းသည် ခဏအခိုက်အတန့် ကျေနပ်သွားဖွယ်ရှိသော်လည်း အိမ်ပြန်ရောက်သည့်အခါ အပြစ်များသာ ပြောဆိုကြဖွယ်ရှိနေပေ၏။ တန်ဖိုးသိမှ တန်ဖိုးရှိဟုဆိုသကဲ့သို့ ဒုလ္လဘတန်ဖိုးကိုသိ၍ ထိုတန်ဖိုးကို ရရှိအောင် အသုံးချနိုင်မှသာလျှင် အမှန်စင်စစ် ဒုလ္လဘဖြစ်သည်ကို သိရှိစေရန် လိုအပ်လှပေ၏ "**

# မင်းဘူးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ



ယိမ်းအဖွဲ့များ၏ ဖျော်ဖြေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေးစဉ်။

**မင်းဘူး ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ရေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (မဟာသင်္ကြန်အကြိုနေ့) ညနေပိုင်းက မင်းဘူးမြို့ မင်းပူးဦးသြဘာသ မြို့နယ်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ယိမ်းအဖွဲ့ သမီးပျိုလေးများအား အတာရေဖြင့် ပက်ဖျန်းပေးကြပြီးနောက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များကို ဆုငွေများ ချီးမြှင့်ပေးအပ်သည်။

မင်းဘူးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ဗဟိုမဏ္ဍပ်၌ ညှော့်ခံဖျော်ဖြေရေးအကအဖွဲ့များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ရှစ်ဖွဲ့နှင့် တစ်ပင်တိုင်သင်္ကြန်အက ပြိုင်ပွဲများဖြင့် မဟာသင်္ကြန် အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ပြီး စတုဒိသာများဖြင့် ညှော့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ကျိုင်းတုံမြို့၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**ကျိုင်းတုံ ဧပြီ ၁၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက ကျိုင်းတုံနာရီစင်ရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်က နှစ်သစ်ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများက ၁၃၈၄ ခုနှစ် ကျိုင်းတုံမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက်ယိမ်းအကအဖွဲ့များက သင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေပြီး ပြည်သူများ၊ ရေပက်ခံထွက်သူများ၊ ရေကစားသူများ၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# စက်စဲကမ်းခြေ၌ သင်္ကြန်အကျနေ့တွင် အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိ

**သံဖြူဇရပ် ဧပြီ ၁၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းမှစတင်၍ အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါစက်စဲကမ်းခြေတွင် မဟာသင်္ကြန်ကာလ ရုံးပိတ်ရက်ရှည်များအတွင်း သင်္ကြန်အကြိုနေ့မှစ၍ အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ရေပက်ခံထွက်သူများနှင့် အပန်းဖြေရေကစားသူများ များပြားလျက်ရှိပြီး လာရောက်အပန်းဖြေရေကစားသူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေရေကစားနိုင်ရေး မြို့နယ်အတွင်းရှိ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျိုက်ထိုမြို့၌ မဟာသင်္ကြန် အကျနေ့ စတုဒိသာ ကျွေးမွေးလှူဒါန်း

**ကျိုက်ထို ဧပြီ ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရိုးရိုးလေးမိသားစုနှင့် ဘဲလေးစားသောက်ဆိုင်မိသားစုတို့ ပူးပေါင်း၍ မဟာသင်္ကြန်အကျနေ့နံနက်ပိုင်းက ပြည်သူ့ဈေးရှေ့၌ မဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေးလှူဒါန်းမှုကို စုပေါင်းပြုလုပ်သည်။

စတုဒိသာလှူဒါန်းရာတွင် ကျိုက်ထိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ကြာဆံကြော်နှင့် အချိုရည်၊ အအေးတို့ကို စတုဒိသာအဖြစ်လှူဒါန်းကြရာ ကျိုက်ထိုမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူများနှင့် ဈေးရောင်းဈေးဝယ်လာကြသူ ၆၀၀ ကျော် ပျော်ရွှင်စွာဖြင့် လာရောက်သုံးဆောင်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့်အလှူရှင်များက စုပေါင်းလုပ်အားပေး ကုသိုလ်ယူခဲ့ကြသည်။

ကျိုက်ထိုမြို့နယ်၌ ယခုနှစ်မဟာသင်္ကြန်ပွဲတော်တွင် ရိုးရာအစားအစာများကို ယခုကဲ့သို့ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများအပြင် ပွဲတော်ကာလ၌ ရိုးရာအစဉ်အလာမပျက် သက်ကြီးပူဇော်ပွဲများ၊ အစုအဖွဲ့အလိုက် ရေကစားမဏ္ဍပ်များ စသည်တို့ဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်း၊ ကုသိုလ်ပြုခြင်းတို့ကို ဆင်နွှဲနိုင်စေရန် စီစဉ်ထားကြောင်း သိရသည်။

ကျိုက်ထို (ပြန်/ဆက်)

# ငပုတောမြို့၌ သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ရေကစားသူများ စည်ကားလျက်ရှိ

**ငပုတော ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ဘုရားကျောင်းကန်များ၌ သီတင်းသီလဆောက်တည်ကြသူများ၊ မဏ္ဍပ်များ၌ ရေကစားသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များတွင်လည်း ရေကစားကြသူများ၊ စတုဒိသာ ကျွေးမွေးကြသူများဖြင့် အေးချမ်းပျော်ရွှင်စွာ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဆင်နွှဲလျက်ရှိသည်ကို တွေ့ရသည်။

အောင်သူ (ပြန်/ဆက်)



# ဟိုပုံးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပ

**ဟိုပုံး ဧပြီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေပိုင်းက ဟိုပုံးမြို့မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး စောအောင်မျိုး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက မဟာသင်္ကြန်ပွဲတော် ဖွင့်လှစ်ကြောင်း ကြေညာပြီးနောက် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဗဟိုမဏ္ဍပ်တွင် ယိမ်းအကအဖွဲ့ဝင်များနှင့် အဆိုဝါသနာရှင်များ၏ တေးသီချင်းဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



## မြန်အောင်ခရိုင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ



**မြန်အောင် ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက မြန်အောင်မြို့ ပြည်သူ့ရင်ပြင်ရှေ့ မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ပြုလုပ်သည်။

မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်က နှစ်သစ်အကြို မင်္ဂလာဆုတောင်း စကားပြောကြားပြီး မြန်အောင်ခရိုင် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး အောင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

မြန်အောင်မြို့ မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ သင်္ကြန်အတက်နေ့အထိ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ ညနေ ၃ နာရီမှ ၆ နာရီအထိ စတိတ်ရှိုး တီးဝိုင်း၊ သင်္ကြန်ယိမ်း အကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး စတုဒိသာ ညှော်ခံကျွေးမွေးခြင်းနှင့် ရေဆော့ကစားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ဝင်းဗိုလ်
(ပြန်/ဆက်)

## မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များ မြို့နယ်အသီးသီး၌ ဖွင့်လှစ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၏ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ပိန်းဆန်းရပ်ကွက် စည်ပင်သာယာရေးဝင်း ဗဟိုသင်္ကြန်မဏ္ဍပ်၌ ဧပြီ ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ အမှတ်(၁)နည်းဗျူဟာမှူး ဗိုလ်မှူးကြီး သန့်ဇင်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ယိမ်းအဖွဲ့များက သင်္ကြန်အကများဖြင့် ကပြဖျော်ဖြေစဉ်။
နန်းသန္တာဦး (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ယခုနှစ်မဟာသင်္ကြန်တွင် လမ်းလျှောက်သင်္ကြန်ကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့ပြီး ဗဟိုရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပရာ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
မိုးမင်းမောင်(မင်္ဂလာတောင်ညွန့်)



ကချင်ပြည်နယ် မိုးညှင်းမြို့၌ မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေပိုင်းက ကျင်းပရာ မိုးညှင်းတပ်နယ်မှူး ဗိုလ်မှူးချုပ် လှမျိုး၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။
ရွှေမိုးညှင်း

## နမ့်စန်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနား စည်ကားစွာ ကျင်းပ

**နမ့်စန်(တ) ဧပြီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ ညနေပိုင်းက အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမရှေ့ မြို့လယ် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက မဟာသင်္ကြန်နှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားပြီး အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင်၊ နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ အမှတ်(၇၃)သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် သံချပ်ကာစစ်ဆင်ရေး ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ညီညီဝင်းနှင့် ဟိုမိန်းဌာနေ ပြည်သူ့စစ်အဖွဲ့ ဥက္ကဋ္ဌ ဦးမဟာဂျာတို့က မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်း သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာများမှ သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

သူရအောင်
(ပြန်/ဆက်)

## ဝင်ငွေနည်း အိမ်ထောင်စုများ သင်္ကြန်ကာလ စားသောက်ရေး အဆင်ပြေစေရန် ဆန်၊ ဆီနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် သင်္ကြန်ကာလ စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဧပြီ ၁၂ ရက် နံနက်ပိုင်းက ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တသာဂရအား အမှူးပြု၍ မြင်းခြံမြို့မှ အလှူရှင် ဦးမောင်မောင်ဦး - ဒေါ်နီနီဥ မိသားစုက ဆန်၊ ဆီနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာ၌ အလှူရှင်မိသားစုက ဦးစွာ ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်များအား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်မိသားစုက ညောင်ဦးမြို့၊ ပုဂံမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဝင်ငွေနည်းအိမ်ထောင်စု ၆၈ စုကို အိမ်ထောင်စုတစ်စုလျှင် ဆန် သုံးပြည်၊ ဆီ ၂၅ ကျပ်သား၊ ငါးသေတ္တာဘူး တစ်ဘူးစီနှင့် ဆပ်ပြာဘူး တစ်ဘူးစီ တို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## ရန်ကင်းမြို့နယ်၌ ရန်ကင်းပိတောက်ရေကစားမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

**ရန်ကင်း ဧပြီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရန်ကင်းပိတောက်ရေကစားမဏ္ဍပ် ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေပိုင်းက အမှတ်(၂)ရပ်ကွက် ရန်ကင်းလမ်းမကြီးပေါ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်၊ ဒုတိယဗိုလ်မှူးကြီး သက်တင်အောင်၊ မြို့မိမြို့ဖ ဦးမောင်မောင်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးကျော်ကျော်တို့က ရန်ကင်းပိတောက်ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရန်ကင်းပိတောက်ရေကစားမဏ္ဍပ်တွင် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၆ နာရီအထိလည်းကောင်း မည်သူမဆို လာရောက်၍ ပျော်ရွှင်စွာ ရေပက်ကစားနိုင်မည်ဖြစ်ပြီး စတုဒိသာအလှူများဖြင့်လည်း ညှော်ခံ ကျွေးမွေးမည်ဖြစ်ကြောင်းနှင့် ရေပက်ကစားရာတွင် လုံခြုံရေးနှင့် အဆင်ပြေမှုရှိစေရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိရွှေစင်
(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များနှင့် တိုင်းစစ်ဌာနချုပ်များရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အကျနေ့ ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစား မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် စည်ကား သိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲလျက်ရှိသည်။



မဟာသင်္ကြန်အကျနေ့တွင် တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ ရေကစားမဏ္ဍပ်များ၌ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် စည်ကား သိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲကြရာ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန် ရှိသူများက အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို သွားရောက်ကြည့်ရှု အားပေး ပါဝင်ဆင်နွှဲကြသည်။

ထို့အပြင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ မြောက် ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၊ အရှေ့ မြောက်တိုင်းစစ်ဌာနချုပ်နှင့်တပ်နယ်များရှိရေကစား မဏ္ဍပ်များ၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်များရှိ ရေကစားမဏ္ဍပ်များ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များရှိ ရေကစား မဏ္ဍပ်များ၊အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ် များရှိ ရေကစားမဏ္ဍပ်များ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များရှိ ရေကစားမဏ္ဍပ် များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်များရှိ ရေကစားမဏ္ဍပ်များ၊ အနောက်တောင်တိုင်း စစ်ဌာန ချုပ်နှင့် တပ်နယ်များရှိရေကစားမဏ္ဍပ်များ၊ အနောက် ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များရှိ ရေကစား မဏ္ဍပ်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များရှိ ရေကစားမဏ္ဍပ်များ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ် များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များရှိ ရေကစားမဏ္ဍပ်များ၌ အတာရေသဘင်ပွဲဆင်နွှဲကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူး များနှင့် အဖွဲ့ဝင်များက သွားရောက်၍ အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြ သည်။

ထို့အတူ နေပြည်တော်လမ်းလျှောက်သင်္ကြန် နှင့် ရေပန်းဥယျာဉ်၊ လေ့ခွင်းတောင် အပန်းဖြေစခန်း၊ ရန်ကုန်လမ်းလျှောက်သင်္ကြန်၊ မန္တလေးလမ်းလျှောက် သင်္ကြန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေတို့၌ လည်း ကောင်း ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ငပလီ ကမ်းခြေ၊ စစ်တွေပွိုင့် အပြန်းဖြေစခန်းနှင့် ပွိုင့် ကမ်းခြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဟိုက်ပါ ရေတံခွန်၊ ကွန်ဟိန်းရေပေါ်သင်္ကြန်၊ ခိုလမ်ရေပြာအိုင် နှင့် နမ့်ဆောင်ဂဲအပန်းဖြေစခန်းများ အပါအဝင် အပန်းဖြေနေရာများ၌လည်းကောင်း လာရောက် အပန်းဖြေ အနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စားသောက်ဆိုင်များ၊ ဒေသ ထွက်ကုန် ရောင်းချနေသောဈေးဆိုင်များ ဖွင့်လှစ် ထားရှိကာ စည်ကားသိုက်မြိုက်လျက်ရှိသည်။

ရေသဘင်ဆင်နွှဲကြသူများအား စတုဒိသာ အကျွေးအမွေးများဖြင့် ညှော်ခံကျွေးမွေးခြင်း၊ ပျော်ရွှင် စွာ ရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော် ကို ဆင်နွှဲကြသည်။

မဟာသင်္ကြန်အကျနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်၊ မန္တလေး မြို့ရှိ မဟာမြတ်မုနိဘုရားကြီး၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

○ ကျောဖုံးမှ

ကူးပြောင်း ရောက်ရှိတော့မည့် မကြာသောအချိန်ကာလမတိုင်ခင် ပြည်သူတို့သည် နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေ ဖြင့်ဆေးကြောရင်း နေပြည်တော် လမ်းလျှောက် သင်္ကြန်တွင် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ လျက်ရှိကြသည်။

နေပြည်တော် လမ်းလျှောက် သင်္ကြန်အတွင်းသို့ ဝင်လိုက်သည် နှင့် ဝန်ကြီးဌာနများ၏ မြန်မာ့ ရိုးရာ ရေကစားမဏ္ဍပ်များက ဆီး၍ကြိုဆိုနေကြသည်။

အဆိုပါ မဏ္ဍပ်များတွင် နိုင်ငံ ကျော်အနုပညာရှင်များ၊ တေးသံ ရှင်များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ် အကြိုက် တေးသီချင်းများကို သီဆို ဖျော်ဖြေကြသည့်အပြင် ဝန်ကြီးဌာနများမှ သင်္ကြန် ယိမ်းအဖွဲ့များကလည်း သင်္ကြန် တေးသီချင်းများဖြင့် ညီညီ ညာညာ ယိမ်းနွဲ့ကပြဖျော်ဖြေပေး လျက်ရှိကြသည်။ မဏ္ဍပ်များက ပက်ဖျန်းလိုက်သည့် အတာရေ အကြားတွင် ပြည်သူများက သီချင်းသံစဉ် စည်းချက်များနှင့် အညီ လိုက်ပါယိမ်းနွဲ့၍ ကခုန် ပျော်ရွှင်ကြသည်။

ထို့ပြင် စတုဒိသာမဏ္ဍပ်များ က ကျွေးမွေးသည့် စုံလင်လှသော မြန်မာ့ရိုးရာ အစားအစာများ ကိုလည်း အားပါးတရ နှစ်ခြိုက်စွာ သုံးဆောင်နေကြသည့် မြင်ကွင်း ကလည်း မြန်မာတို့၏ ချစ်စရာ ဓလေ့ကိုမြင်တွေ့ရသည်မှာ စိတ် ချမ်းမြေ့ဖွယ်ရာ ကောင်းလှသည်။

နေပြည်တော် လမ်းလျှောက် သင်္ကြန်အတွင်း ပြည်သူများ ရေကစားနေစဉ် ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ် ကုသစောင့်ရှောက်မှု ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီး ဌာနကုသရေးဦးစီးဌာနမှ ဆေးခန်း များကိုလည်း ဖွင့်လှစ်ထားသည်။

သနပ်ခါးဇုန်တွင်လည်း မြန်မာ့ ရိုးရာသနပ်ခါးကို တိုင်းရင်းသား လူမျိုးပေါင်းစုံ နှစ်ခြိုက်စွာ လိမ်းခြယ်၍ တစ်ဦးနှင့် တစ်ဦး ပျော်ရွှင်စွာ နောက်ပြောင်နေကြ သည့် ချစ်စရာဓလေ့တစ်ခုက လည်းပြည်သူအကြိုက်ဖြစ်ခဲ့သည်။

ထို့အတူ တိုင်းရင်းသား သင်္ကြန်ဇုန်ရှိ ဖျော်ဖြေရေးအစီ အစဉ်များ၌ ပြည်သူများ ပါဝင် ဆင်နွှဲနိုင်သည့်အပြင် တိုင်းရင်း သား လူမျိုးပေါင်းစုံနှင့်အတူ ရေပက် ကစားနိုင်ရန် စီစဉ်ထားရှိသည်။



လမ်းလျှောက် သင်္ကြန်တွင် ထူးခြားဆန်းသစ်သည့် အစီအစဉ် တစ်ခုအဖြစ် ခေတ်လေးခေတ် သင်္ကြန်ပွဲဆင်နွှဲခဲ့မှုများကို အလှပြ ယာဉ်များဖြင့် သရုပ်ဖော်ပြသမှု သည် မြန်မာ့ရိုးရာအတာသင်္ကြန် ၏ သမိုင်းကြောင်းကို လေ့လာ မြင်တွေ့ခွင့်ရရှိနိုင်သလို အသိ အမြင် ဗဟုသုတများစွာလည်း တိုးပွားစေခဲ့သည်။

နေပြည်တော် လမ်းလျှောက် သင်္ကြန်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ် ကင်းရှင်းစွာ ရေကစားနိုင်ကြစေ ရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များက လည်း ယာဉ်ကြောပိတ်ဆို့မှု မရှိ စေရေးအတွက် ယာဉ်ကြော ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်သို့ လာ ရောက် ပါဝင်ဆင်နွှဲကြသည့် ပြည်သူ ၁၅၀၀၀ ကျော် ရှိကြောင်း သိရသည်။

လုလင်ငယ်
ဓာတ်ပုံ - ကိုကြီးကျော်

## မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူး မဟာသင်္ကြန်ကာလ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) လမ်းလျှောက်သင်္ကြန်တွင် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိ

**နေပြည်တော် ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူး မဟာသင်္ကြန်ကာလတွင် ပွဲကောက်ရေတံခွန် အပန်းဖြေ စခန်း(BE.FALLS)၌ ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် လမ်းလျှောက်သင်္ကြန်နှင့် ဖျော်ဖြေရေးတေးဂီတများဖြင့် ပျော်ရွှင်စွာ ရေကစား၍ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရ သည်။

ယခုအခါ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)အနေဖြင့် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော်ကာလတွင် လာရောက်အပန်းဖြေအနားယူသူများအတွက် ပန်းအလှနှင့် ရေပန်းများ တပ်ဆင်ထားသော လမ်းလျှောက်သင်္ကြန်ကို ဆောင်ရွက်ထားရှိပြီး ညှော်ခံဖျော်ဖြေရေးတီးဝိုင်း၊ ရေပေါ်လမ်းလျှောက်နိုင်သည့် ရေပေါ် တံတား Floating Jigsaw၊ သဘာဝပတ်ဝန်းကျင်အား အထက်မြင်ကွင်းမှ ကြည့်ရှုလေ့လာနိုင်သည့် Sky Cable Car၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ LED 5 D မှန်တံတား၊ ဆင်ငယ်လေးများ၏ ကပြဖျော်ဖြေမှု၊ ကလေး ငယ်များဆော့ကစားရန် Jumping Cloud၊ Play Ground Area များ အပြင် တောတွင်းသဘာဝအလှများအား ကြည့်ရှုခံစားပြီး ရေတံခွန် အဆင့်ဆင့် လမ်းလျှောက်သွားလာနိုင်သည့် တောတွင်းလျှောက်လမ်း တို့ဖြင့် အများပြည်သူများစိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူနိုင်ရေး အတွက် စီစဉ်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

တေးသံသာများဖြင့် ကပြသီဆို ဖျော်ဖြေခဲ့ကြသည်။ အင်းလေးရေပေါ် သင်္ကြန်တွင် ရေကစားသူများသည် စက်လှေများပေါ်မှလည်းကောင်း၊ ရေကစားမဏ္ဍပ်ပေါ်မှ လည်းကောင်း၊ သတ်မှတ်ထားရာနေရာများမှနေ၍ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသည်။

အင်းလေးဒေသသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာ နေရာဒေသတစ်ခုဖြစ်သည်နှင့်အညီ အင်းလေး ရေပေါ်သင်္ကြန်ပွဲတော်ကို ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်အဖြစ် ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

နေမျိုးသူရိန်

နေပြည်တော် ဇေယျာသီရိမြို့နယ် နေပြည်တော်သတင်းစာတိုက်မိသားစု ရေကစားမဏ္ဍပ်၌ သင်္ကြန်အကျနေ့ တွင် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစု များနှင့် ရေကစားလာသူများကို အလှူရှင် ဦးမျိုးမင်းသော်နှင့် မိသားစုက စတုဒိသာ ထမင်းနှင့်ဟင်းများ အလှူပြု ကျွေးမွေးစဉ်။

ဇော်ဘိ



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိမြို့နေ အောင်မျိုးထိုက်(ခ)ထိုက်ကြီးသည် ၎င်းအသုံးပြုသည့် “Htite Gyi” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပေါင်းတလည် မြို့ အရှေ့ပိုင်းရပ်ကွက်နေ ရဲစွမ်းသည် ၎င်းအသုံးပြုသည့် “Ye Swam” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် (ည)ရပ်ကွက်နေ ရန်နိုင်ထွန်းသည် ၎င်းအသုံးပြုသည့် “Yan Naing Htun” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် နန်းပန်မြို့ အမှတ်(၃)ရပ်ကွက်နေ ကျော်မျိုးခန့်(ခ)တလေးသည် ၎င်းအသုံးပြုသည့် “Kyaw Myo Khant” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့နယ်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ရေကစားနေသည့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကလေးသူငယ်များ သေဆုံးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း မြို့နယ် ကြွယ်ပုံကျေးရွာ အခြေခံ ပညာ အလယ်တန်းကျောင်းရှေ့၌ ကျေးရွာသူ ကျေးရွာသားများနှင့် ကလေးသူငယ်များ ရေကစား နေစဉ် PDF အမည်ခံ အကြမ်းဖက် သမားများက Drop Bomb များဖြင့် ယုတ်မာရက်စက်စွာ ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

### ထိခိုက်ဒဏ်ရာရရှိ

ဖြစ်စဉ်မှာ မြန်မာ့ရိုးရာ မဟာ သင်္ကြန်ပွဲတော် အကြိုနေ့ အခါသမယဖြစ်သည့် ဧပြီ ၁၃ ရက် တွင် စစ်ကိုင်းမြို့နယ် ကြွယ်ပုံ ကျေးရွာအခြေခံပညာအလယ်တန်း ကျောင်းရှေ့၌ ကလေးငယ်များ အပါအဝင် ကျေးရွာသူ ကျေးရွာ သားများ ရေကစားနေစဉ် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ က Drone ဖြင့် Drop Bomb လေးလုံး လာရောက်ပစ်ချ တိုက် ခိုက်ခဲ့သဖြင့် ကလေးငယ် ငါးဦး အပါအဝင် ရှစ်ဦးသေဆုံးခဲ့ပြီး အပြစ်မဲ့ကျေးရွာသူ ကျေးရွာသား ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

### အရေးယူနိုင်ရေးဆောင်ရွက်

အထက်ပါဖြစ်စဉ်မှ ထိခိုက် ဒဏ်ရာရရှိသူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေး ကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ကလေးသူငယ်များနှင့် အပြစ်မဲ့ပြည်သူများ ရေကစားနေ သည့်နေရာအား ရည်ရွယ်ချက် ရှိရှိဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းနှင့် အပြည်ပြည် ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ် မှု(War Crime)ကို ကျူးလွန်ခြင်း ဖြစ်ပြီး အဆိုပါအကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည့် အကြမ်းဖက် သမားများအား အမြန်ဆုံးဖော်ထုတ် ဖမ်းဆီး၍ ဥပဒေနှင့်အညီ အပြစ်ပေး အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကြွယ်ပုံကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များ လာရောက်ပစ်ချသည့် နေရာပြပုံ။













PDF အကြမ်းဖက်သမားများက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်သည့် ကြွယ်ပုံ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှေ့ စုပေါင်းရေကစားသည့်နေရာ။



ကြွယ်ပုံကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းရှေ့ စုပေါင်းရေကစားသည့်နေရာ၌ ရေကစားလျက်ရှိစဉ် PDF အကြမ်းဖက်သမား များက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်မှု ကြောင့် ဒဏ်ရာရရှိသူများ မှတ်တမ်းဓာတ်ပုံ။



## သင်္ကြန်အကျနေ့တွင် မြိတ်ကျွန်းစုရှိ စမတ်ကျွန်းနှင့် လေးကျွန်းသို့ ခရီးသွားများနှင့် ဒေသခံများ စိတ်အေးချမ်းသာစွာ ကျွန်းအပန်းဖြေခရီးသွားရောက်လည်ပတ်ကြ

မြိတ် ဧပြီ ၁၄

**၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့တွင် မြိတ်ကျွန်းစုရှိ သဘာဝ အလှတရားများဖြင့် သာယာလှပသည့်ကျွန်းများသို့ ခရီးသွားဧည့်သည်များနှင့် ဒေသခံများမှ စိတ်အေးချမ်းသာစွာ ကျွန်းအပန်းဖြေခရီးအဖြစ် ယနေ့ နံနက်ပိုင်းက မြိတ်ဆိပ်ကမ်းမှ Speed Boat များဖြင့် ကျွန်းများသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။**



မြိတ်ကျွန်းစု၌ ကျွန်းအပန်းဖြေခရီး သွားရောက်နိုင်သည့် ကျွန်းများမှာ လေးကျွန်း၊ ဒုံးကျွန်း၊ ဒုံးရေတံခွန်၊ နတ်သမီးရေတွင်းကျွန်း၊ စမတ်ကျွန်း၊ တောင်ပံကြီးကျွန်း၊ လိပ်ဥသောင်ကျွန်း၊ ကြယ်လိပ်ကျွန်း၊ ခနသိဒ္ဓိကျွန်း၊ မင်းသားကျွန်း၊ သဲနက်တန်း (နှစ်ဖက်လှ)ကျွန်း၊ ဒုံးညောင်မှိုင်းရွာ၊ ဘောလီကျွန်း၊ သမီးလှကျွန်း စသည့်ကျွန်းများရှိရာ သင်္ကြန်ကာလတွင် ကျွန်းအပန်းဖြေ ခရီးသွားသင်္ကြန်အဖြစ် ပြည်သူများမှ ယနေ့တွင် စမတ်ကျွန်းနှင့် လေးကျွန်းခရီးစဉ်ကို ပိုမိုသွားရောက်ခဲ့ကြကြောင်း သိရသည်။

သင်္ကြန်ကာလ ကျွန်းအပန်းဖြေခရီးအဖြစ် သွားရောက်အပန်းဖြေခဲ့ကြမည့် ပြည်သူများအား ကျွန်းအပန်းဖြေခရီးသွားလုပ်ငန်းများမှ စပိဘုတ်များဖြင့် ခရီးသွားဧည့်သည်များ သွားရောက်လိုသည့် ကျွန်းများကို ပို့ဆောင်ပေးရန် မြိတ်ဆိပ်ကမ်းမှ ယနေ့တွင် ခရီးစဉ်သုံးခုအဖြစ် ဘောလီကျွန်း၊ စမတ်ကျွန်းနှင့် ကြယ်လိပ်ကျွန်းခရီးစဉ်၊ လေးကျွန်း၊ သမီးလှကျွန်းနှင့် မင်းသားကျွန်း ခရီးစဉ်၊ စမတ်ကျွန်း၊ ဒုံးရေတံခွန်နှင့် ဒုံးညောင်မှိုင်းရွာ ခရီးစဉ်အဖြစ် သွားရောက်ပို့ဆောင်ပေးကြကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ ဆက်)**

## မြန်မာနိုင်ငံ၏ ခရီးသွားမြို့တော်(ပြင်ဦးလွင်)သို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ခရီးသွားပြည်သူများ စည်ကားစွာလာရောက်လည်ပတ်

ပြင်ဦးလွင် ဧပြီ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်နှင့် ဒီဇင်ဘာ အပန်းဖြေဥယျာဉ်စခန်းတို့တွင် နှစ်သစ်ကိုကြိုဆိုရင်း ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများသည် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလတွင် လာရောက်လည်ပတ် အပန်းဖြေလျက်ရှိကြသည်။



ခရီးသွား ပြည်သူများသည် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားကြီးအား ဦးစွာဖူးမြော်ကာ နှစ်သစ်အတွက် မိမိတို့၏ ကောင်းမွန်သော အလှူဒါနနှင့်အတူ လိုရာဆုတောင်းပြီး ပြင်ဦးလွင်မြို့ရှိ အပန်းဖြေဥယျာဉ်များဖြစ်သည့် ပွဲကောက်ရေတံခွန်နှင့် ဒီဇင်ဘာအပန်းဖြေဥယျာဉ်စခန်းတို့တွင် မိသားစုနှင့်အတူ လက်ဆုံထမင်းစားပြီး တစ်နှစ်တာ၏ ပင်ပန်းနွမ်းနယ်မှုများကို အပန်းဖြေလျက် နှစ်သစ်ကို ကြိုဆိုကြသည်။

ယခုလို မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလ နှစ်သစ်ကို ကြိုဆိုရင်း မိသားစုနှင့်အတူ မြန်မာနိုင်ငံ၏ ခရီးသွားမြို့တော်ဖြစ်သည့် ပြင်ဦးလွင်မြို့ (ပန်းမြို့တော်)ရှိတန်ခိုးကြီးဘုရားများနှင့် အပန်းဖြေ ဥယျာဉ်အတွင်းသို့ လာရောက် လည်ပတ်ရသည့်အတွက် လည်ပတ်သူတို့ စိတ်ကို လန်းဆန်းစေခြင်း၊ နှစ်သစ်အတွက် အားမာန်အပြည့်ရှိခြင်း၊ ဒေသထွက် ပစ္စည်းများကို အလွယ်တကူရရှိသဖြင့် ဝမ်းသာပီတိဖြစ်နေကြသည်ကို မြင်တွေ့ရကြောင်းနှင့် ဒီဇင်ဘာအပန်းဖြေဥယျာဉ်စခန်းတွင် တစ်နေ့လျှင် အပန်းဖြေ ဝင်ရောက်သူဦးရေ ၂၀၀၀ နီးပါးရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်

**ရန်ကုန် ဧပြီ ၁၄**

မြန်မာ ယူ-၁၇ အမျိုးသမီး လက်ရွေးစင်အသင်းသည် ဧပြီ နောက်ဆုံးပတ်တွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာရှဖလား ယူ-၁၇ အမျိုးသမီး ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၇ အမျိုးသမီး လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးသန်းဝေက ကိုင်တွယ်လျက်ရှိပြီး ပဏာမ ကစားသမား ၂၇ ဦးဖြင့် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ နောက်ဆုံးပတ်ကတည်းက စတင်ပြင်ဆင်ခဲ့ပြီး နည်းပြချုပ်အဖြစ် ဦးသန်းဝေ၊ လက်ထောက်နည်းပြအဖြစ် ဒေါ်သန်းသန်းထွေး၊ ဒေါ်မာလာဝင်း၊ ဂိုးနည်းပြအဖြစ် ဦးစိန်အေးတို့က တာဝန်ယူလေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၇ အမျိုးသမီး လက်ရွေးစင်အသင်းကို ယခင် ယူ-၁၆ လက်ရွေးစင်ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများမှ ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။



မြန်မာအသင်းသည် ၂၀၂၄ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် အုပ်စု(F)၌ အိန္ဒိယ၊ ကာဂျစ္စတန် အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ယင်းအုပ်စုပွဲစဉ်များကို ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၂၄ ရက်တွင် ကာဂျစ္စတန်အသင်း၊ ဧပြီ ၂၈ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**



## မိုးရှာမြို့၌ မဟာသင်္ကြန်ပွဲတော် ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ

**မိုးရှာ ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မိုးရှာမြို့ ဗိုလ်ချုပ်လမ်း ကန်သာယာ၌ ကျင်းပလျက်ရှိရာ ယနေ့ ဧပြီ ၁၄ ရက် မဟာသင်္ကြန် အကျနေ့တွင် နိုင်ငံကျော် ရုပ်ရှင်မင်းသားများ၊ မင်းသမီးများ၊ ဗီဒီယိုသရုပ်ဆောင်များ၊ နိုင်ငံကျော်အဆိုတော်များဖြင့် သင်္ကြန်ပွဲတော် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ ပြည်သူများ စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ ပွဲတော်ဆင်နွှဲလျက်ရှိသည်။

မိုးရှာမြို့ ကန်သာယာတွင် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ယိမ်းအကအဖွဲ့ ၁၄ ဖွဲ့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ အခြားသော မဏ္ဍပ်များတွင် ဖျော်ဖြေရေးယိမ်းများ၊ ခေတ်ပေါ်တေးဂီတအဆိုများဖြင့် သီဆိုဖျော်ဖြေလျက်ရှိရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး စတုဒိသာမဏ္ဍပ်များ၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ၊ အချိုရည်များ၊ အဖျော်ယမကာများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် မြန်မာ ယူ - ၂၂ အသင်း ထိုင်းနိုင်ငံ၌ လေ့ကျင့်နေ

**ရန်ကုန် ဧပြီ ၁၄**

မြန်မာ ယူ - ၂၂ အသင်းသည် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်လျက်ရှိပြီး ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မြန်မာ ယူ - ၂၂ အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် မတ်လနောက်ဆုံးပတ်တွင် စတင်လေ့ကျင့်ခဲ့သည့် ပဏာမကစားသမား ၃၆ ဦးအနက် ၂၆ ဦးကို ထိုင်းခြေစမ်းခရီးစဉ်သို့ ခေါ်ဆောင်သွားပြီး မလေးရှားကလပ်ဆီလန်ဂေါ်အသင်းတွင် ကစားနေသည့် တောင်ပံတိုက်စစ်ကစားသမား ဟိန်းထက်အောင်မှာမူ ပြိုင်ပွဲနီးမှ လာရောက်ပူးပေါင်းမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဧပြီ ၁၀ ရက်မှ ၂၁ ရက်အထိ သွားရောက်လေ့ကျင့်လျက်ရှိပြီး ခြေစမ်းပွဲလေးပွဲ ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ဧပြီ ၁၁ ရက်က ထိုင်းကလပ် ဘန်ကောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ -၂၂ အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၄၀ တွင် ဥက္ကာနိုင်က သွင်းယူခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဧပြီ ၁၂ ရက်က ထိုင်းကလပ် ဆာမတ်ဆောင်ခရွှန်အသင်းနှင့် ကွင်းပိတ်ခြေစမ်းပွဲ ကစားခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် လက်ကျန်ခြေစမ်းပွဲများအဖြစ် ဧပြီ ၁၇ ရက်တွင် ထိုင်းလိဂ်-၁ ကလပ် ရတ်ချာဘူရီအသင်း၊ ဧပြီ ၁၈ ရက်တွင် ထိုင်းလိဂ်-၂ ကလပ် ကာစတန်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ထိုင်းခြေစမ်း ခရီးစဉ်အပြီးတွင် ရန်ကုန်မြို့၌ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။ **ရဲရင့်လွင်**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀၈၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။







**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုး ဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄) နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့ လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာ နည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာ နည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit) ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေး သိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ် သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏တတိယနှစ်(ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေး အတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန် ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေး ဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံ ဒီပလိုမာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂) ကော့ကရိတ် |

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁) ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက- အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄) ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက- အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက- ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက- မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁) ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆) မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက- လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက- သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက- ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက- ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁) အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃) ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စကြော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက- ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက- ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀) ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁) ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ) ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂) လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျိုး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |



ကျုံပျော်မြို့နယ်၌ ဧပြီ ၁၃ ရက်က မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ လပြည့်ဦး(ပြန်/ဆက်)



မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် ညောင်ဦး မြို့နယ် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ဘုရားဖူးခရီးသွားများနှင့် ဒေသခံများအား ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အလှူရှင်တို့က စတုဒိသာများ ကုသိုလ်ပြုကျွေးမွေးစဉ်။ ဒီပါလင်း

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၅ - ၄ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၁၅) တွင်** အစားမက်ပြီး ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ လုပ်ဆောင်တတ်သော အကျင့်ကြောင့် ဒုက္ခရောက်ရသော ဖက်တီးအကြောင်းကို တင်ဆက်ထားသည့် "ဖက်တီးရဲ့ လက်စွမ်း" မျက်နှာဖုံးကာတွန်း၊ အင်ဂျင်စက်များ ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "အင်ဂျင်စက်ကိုတီထွင်ခြင်း" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ ပေးပို့သော ကာတွန်းလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မိမိတွင်ရှိသော ပိုက်ဆံကို အဘွားအို အား လှူဒါန်းလိုက်သောကြောင့် မိမိစားလိုသော ပေါက်စီကိုစားရသည့် ချက်စူအကြောင်းကို ရေးဖွဲ့ထားသည့် "ချက်စူရဲ့ ဒါနအကျိုး" နှစ်မျက်နှာကာတွန်း၊ မိဘကျေးဇူးကို သိတတ်သည့် စိုးအောင်နှင့် သူငယ်ချင်းကို အလွန်ချစ်ခင်သော စိုးနောင်တို့ သူငယ်ချင်းနှစ်ယောက်အကြောင်းကို တင်ဆက်ထားသည့် "ချစ်သူငယ်ချင်း" ဝတ္ထုကဏ္ဍ၊ စကားကို ကတ်တီးကတ်ဖဲ့ပြောတတ်သော ကျော်ကြီးအကြောင်းကို ရေးဖွဲ့ထားသည့် "ကျော်ကြီး" တစ်မျက်နှာကာတွန်း၊ တစ်ဦးနှင့်တစ်ဦး အချင်းချင်း ကူညီရိုင်းပင်းခြင်းကြောင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့သော ပူစီလေးနှင့် အပြန်အလှန်ရိုင်းပင်းကူညီရန် လိုအပ်ကြောင်း သိရှိသွားသည့် ခွေးပုလေး နက်ကျားတို့ အကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ချစ်ခင်ရိုင်းပင်း သူငယ်ချင်း" ပုံပြင်ကဏ္ဍ။

ပေးထားသောရုပ်ပုံကို ကလေးတို့ စိတ်ကြိုက်အရောင်များဖြင့် ခြယ်သနိုင်မည့် ကာတွန်းပေါ်လွင်ကျော်၏ "ဆေးရောင်လှလှ ခြယ်ကြရအောင်" ဉာဏ်စမ်းကဏ္ဍ၊ သူတစ်ပါးကို အထင်သေးကာ အကြွားသန်သောမျောက်အကြောင်းကို ရေးဖွဲ့ထားသည့် "အကြွားသန်တဲ့မျောက်" နှစ်မျက်နှာကာတွန်း၊ ကံ၊ ဉာဏ်၊ ဝီရိယတို့ ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှု ရရှိခဲ့ပုံအကြောင်းကို အတုယူဖွယ် ရေးဖွဲ့ထားသည့် "ကံ၊ ဉာဏ်၊ ဝီရိယ" နှစ်မျက်နှာကာတွန်း၊ Relative Pronoun များကို ပြန်လှန်လေ့ကျင့်ခန်းများနှင့်တကွ လေ့လာမှတ်သားနိုင်မည့် "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




သတင်းစဉ်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/83969 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/98220 Honda Vario 150 ယာဉ်လက်ဝယ်ရှိသူ Princess Star Palace Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/7882, Nissan Atlas ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊တိုင်းရုံး(မကွေး)

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6892, ISUZU Van (4x2)R ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊တိုင်းရုံး(မကွေး)

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ မောင်းတိုင် (၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၊ မောင်းတိုင်ရပ်)၊ ဦးပိုင်အမှတ် (၂၉၉)၊ ဧရိယာ ဝ.ဝ၄၄ဧကရှိ မြေကွက်ကို ဦးအောင်သန်းဇော်မင်းအမည်ဖြင့် မြေဂရန်အသစ်ကိုလည်းကောင်း၊ ညောင်ပင်လှကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၀၂၃၊ ညောင်ပင်လှ)၊ ဦးပိုင်အမှတ် (၅၂-အတွင်း)၊ ဧရိယာ ၀.၁၇ဧကရှိ မြေကွက်ကို ဦးဇော်မျိုးထွန်းအမည်ဖြင့် ခွဲစိတ်/အမည်ပြောင်းမြေဂရန်ကို လည်းကောင်း၊ ဤရုံးသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက် အထားများဖြင့် တောင်တွင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနတွင်းလည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် FF/4412 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/8710, Dump Truck(4x2)L ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊တိုင်းရုံး(မကွေး)

**ရတနာသစ်တော၊ ပြည့်သွေးကြော။**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**




## လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဆိုင်ရာ အထူးသက်သာခွင့်များ ညှိနှိုင်းကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ပြည်တွင်းတွင်တပ်ဆင်ထုတ်လုပ်ခြင်းတို့အတွက် အခွန်နှင့် အကောက်ခွန်များကင်းလွတ်ခွင့်ပြုခြင်း

၁။ နိုင်ငံတော်၏ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့်အညီ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်း၊ ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်ခြင်းတို့အတွက်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူအတည်ပြုချက်အရ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်များကို အောက်ပါအတိုင်း ကင်းလွတ်ခွင့်ပြုထားပါသည်-

(က) ၁၇-၁၁-၂၀၂၂ ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၄၈/၂၀၂၂) ဖြင့် ထုတ်ပြန်ထားသည့် ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် ဘက်ထရီလျှပ်စစ်ကားနှင့် ယင်း၏ဘက်ထရီများအတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဘက်ထရီလျှပ်စစ်ကားအတွက် အထူးကုန်စည်ခွန်များကို ၁-၁၀-၂၀၂၂ ရက်မှ ၃၁-၃-၂၀၂၃ ရက်နေ့ထိ ကင်းလွတ်ခွင့်ပြုပါသည်။

(ခ) ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်၊ နှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ်၊ နှစ်ဘီးတပ်လျှပ်စစ်စက်ဘီး၊ လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ၊ အားသွင်းရုံဆိုင်ရာ ပစ္စည်းများနှင့် အားသွင်းစနစ်ဆိုင်ရာ ပစ္စည်းများအပေါ် ၁-၁-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၃ ရက်ထိ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ၃၀-၃-၂၀၂၃ ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၈/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတွင် ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များအပါအဝင် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ [Battery Electric Vehicles (BEVs)၊ ယင်းတို့၏ ဘက်ထရီများနှင့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် သီးသန့်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအားလည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်နှင့် ဘက်ထရီလျှပ်စစ်ကားအတွက် အထူးကုန်စည်ခွန်များကို ၁-၄-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်နေ့ထိ ကင်းလွတ်ခွင့်ပြုပါသည်။

(ဃ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂-၁၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၉၀/၂၀၂၂)ဖြင့် Completely Built-Up (CBU)စနစ်၊ Completely Knocked Down (CKD) စနစ်နှင့် Semi-Knocked Down (SKD) စနစ်တို့ဖြင့် ပြည်ပမှတင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှလျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် Battery Electric Vehicle--BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို သုည ရာခိုင်နှုန်းသို့လျှော့ချ သတ်မှတ်ထားပါသည်-

(၁) လမ်းပေါ်တွင်မောင်းနှင်နိုင်သည့်နောက်တွဲယာဉ်ကိုဆွဲသည့်ယာဉ် (Road tractor for Semi-trailer)၊
(၂) ယာဉ်မောင်းအပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့် အထက် စီးနင်းနိုင်သော ခရီးသည်တင် မော်တော်ယာဉ် (Bus) (Motor Vehicles for the transport of ten or more person including the driver)
(၃) ကုန်တင်ယာဉ် (Truck)၊
(၄) လူစီးယာဉ်(Motor Vehicles for the transport of person)၊
(၅) သုံးဘီးတပ်ယာဉ် (လူစီး) (Three-wheeled vehicles for transport of person)၊
(၆) သုံးဘီးတပ်ယာဉ် (ကုန်တင်)(Three-wheeled vehicles for transport of Goods)
(၇) လူစီးနှစ်ဘီးတပ်လျှပ်စစ်မော်တော်ဆိုင်ကယ်(Electric Motorcycle)၊
(၈) လူစီးနှစ်ဘီးတပ်လျှပ်စစ်စက်ဘီး ( Electric Bicycle)၊
(၉) လူနာတင်ယာဉ် (Ambulances)၊
(၁၀) ထောင်ကား(Prison Vans)၊
(၁၁) နိဗ္ဗာန်ယာဉ်(Hearses)၊
(၁၂) အပိုဒ်ခွဲ (က)မှ (ဋ)ထိပါ လျှပ်စစ်သုံးယာဉ်များနှင့် စပ်လျဉ်း၍ တင်သွင်းခြင်းအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်ပါရှိသည့် လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ- အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ) နှင့် တင်သွင်းခြင်းအတွက် စက်မှုဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်း (Spare Part) များ။

(င) အထက်အပိုဒ်(ဃ)ပါ အမိန့်ကြော်ငြာစာသည် ၃၁-၃-၂၀၂၃ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ဆက်လက်၍ ၁-၄-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်ထိ ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထို့ပြင် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းများနှင့် စပ်လျဉ်း၍ အောက်ပါသက်သာခွင့်များကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဘက်ထရီမှလျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးမော်တော်ယာဉ် (Battery Electric Vehicle-BEV) များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှစတင်၍ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ခ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် လျှပ်စစ်သုံးယာဉ်များအပေါ် ၂၀၂၃-၂၀၂၅ အထိ ၁၀၀% ဘီးခွန်ကင်းလွတ်ခွင့်၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ အရောင်းပြခန်း၊ လုပ်ငန်းလိုင်စင်၊ ညအိပ်ခ၊ ပစ္စည်းခွန် စသည်တို့အပေါ်၌အခွန်အခကင်းလွတ်ခွင့်ပြုခြင်း၊

(ဂ) ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ B.O.T စနစ်ဖြင့် ဆောင်ရွက်သောလမ်း၊ ကျန်ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်လမ်းများတွင် လျှပ်စစ်သုံးယာဉ်များအတွက် လမ်း၊ တံတားအသုံးပြုခများနှင့် စပ်လျဉ်း၍ ၁-၄-၂၀၂၃ မှ ၃၁-၃-၂၀၂၅ အထိ "၂ နှစ်"ကင်းလွတ်ခွင့်ပြုခြင်း။

၃။ အထက်အပိုဒ် ၁ ပါ အခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်များနှင့်စပ်လျဉ်း၍ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်း၍လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ အထက်အပိုဒ် ၂ ပါ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကင်းလွတ်ခွင့်၊ စည်ပင်သာယာရေးကော်မတီများမှ အခြားသက်သာခွင့်များ ကင်းလွတ်ခွင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း၊ တံတား အသုံးပြုခများ ကင်းလွတ်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန/ အဖွဲ့ အစည်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း အများပြည်သူသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း) ပထမအကြိမ် ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ( အဝေးသင် သင်တန်း )၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်ကို (၂၅-၄-၂၀၂၃ ) မှ ( ၃၀-၄-၂၀၂၃ )ရက်နေ့အထိ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ဘွဲ့နှင်းသဘင် ပထမနေ့ ( ၂၇-၄-၂၀၂၃ ) အစီအစဉ်**
**နံနက်ပိုင်း( ၉:၀၀ )နာရီ ၊ အပိုင်း( ၁ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၁ မှ ၂၀၇ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် ( ၄ပ-၁ မှ ၂၆၉ ) အထိ | (၂၀၁၉ အောင်) |
| (၃) | သိပ္ပံဘွဲ့ | - | ရူပဗေဒ (၄ရပ-၁ မှ ၃၁၄ ) အထိ | (၂၀၁၉ အောင်) |

**ဘွဲ့နှင်းသဘင် ပထမနေ့ ( ၂၇-၄-၂၀၂၃ ) အစီအစဉ်**
**မွန်းလွဲပိုင်း( ၂:၀၀ )နာရီ၊ အပိုင်း ( ၂ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၂၀၈ မှ ၆၆၃ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | စီးပွားရေးပညာ ( ၄စီး-၁ မှ ၃၁၅ ) အထိ | (၂၀၁၉ အောင်) |

***အစမ်းလေ့ကျင့်ရက် (၂၅-၄-၂၀၂၃) ရက်နေ့ နံနက်ပိုင်း (၉:၀၀)နာရီ အပိုင်း(၁+၂)**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ ( ၂၈-၄-၂၀၂၃ ) အစီအစဉ်**
**နံနက်ပိုင်း( ၉:၀၀ )နာရီ၊ အပိုင်း( ၃ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ ( ၄အ-၁ မှ ၂၄၅ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း ( ၄သ-၂ မှ ၂၃၁ ) အထိ | (၂၀၁၉ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | အရှေ့တိုင်းပညာ ( ၄အရ-၁ မှ ၂၃ ) အထိ | (၂၀၁၉ အောင်) |
| (၄) | သိပ္ပံဘွဲ့ | - | ဓာတုဗေဒ (၄ဓ-၁ မှ ၁၆၃ ) အထိ | (၂၀၁၉ အောင်) |
| (၅) | သိပ္ပံဘွဲ့ | - | သတ္တဗေဒ (၄သတ-၁ မှ ၁၃၈ ) အထိ | (၂၀၁၉ အောင်) |

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ ( ၂၈-၄-၂၀၂၃ ) အစီအစဉ်**
**မွန်းလွဲပိုင်း( ၂:၀၀ )နာရီ၊ အပိုင်း( ၄ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၆၆၄ မှ ၁၂၅၈ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ ( ၄အ-၂၄၆ မှ ၆၅၀ ) အထိ | (၂၀၁၉ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | စီးပွားစီမံပညာ ( ၄စစ-၁ မှ ၁၀၉ ) အထိ | (၂၀၁၉ အောင်) |

***အစမ်းလေ့ကျင့်ရက် (၂၅-၄-၂၀၂၃) ရက်နေ့ မွန်းလွဲပိုင်း(၂:၀၀)နာရီ အပိုင်း( ၃+၄ )**

**ဘွဲ့နှင်းသဘင် တတိယနေ့ ( ၂၉-၄-၂၀၂၃ ) အစီအစဉ်**
**နံနက်ပိုင်း( ၉:၀၀ )နာရီ၊ အပိုင်း( ၅ )**

| | | | | |
|---|---|---|---|---|
| (၁) | ဥပဒေပညာဘွဲ့ | - | ဥပဒေပညာ ( ၅ဥ-၁ မှ ၁၃၅ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း ( ၄သ-၂၃၂ မှ ၆၃၄ ) အထိ | (၂၀၁၉ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ ( ၄ဒ-၁ မှ ၁၀၃ ) အထိ | (၂၀၁၉ အောင်) |
| (၄) | ဝိဇ္ဇာဘွဲ့ | - | စိတ်ပညာ ( ၄စ-၁ မှ ၅၇ ) အထိ | (၂၀၁၉ အောင်) |
| (၅) | သိပ္ပံဘွဲ့ | - | သင်္ချာ (၄သခ-၁ မှ ၂၂၇ ) အထိ | (၂၀၁၉ အောင်) |
| (၆) | သိပ္ပံဘွဲ့ | - | ရုက္ခဗေဒ (၄ရခ-၁ မှ ၁၁၃ ) အထိ | (၂၀၁၉ အောင်) |

**ဘွဲ့နှင်းသဘင် တတိယနေ့ ( ၂၉-၄-၂၀၂၃ ) အစီအစဉ်**
**မွန်းလွဲပိုင်း( ၂:၀၀ )နာရီ၊ အပိုင်း( ၆ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၁၂၅၉ မှ ၁၉၀၄ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် ( ၄ပ-၂၇၀ မှ ၆၆၃ ) အထိ | (၂၀၁၉ အောင်) |

***အစမ်းလေ့ကျင့်ရက် (၂၆-၄-၂၀၂၃) ရက်နေ့ နံနက်ပိုင်း( ၉:၀၀ )နာရီ အပိုင်း(၅+၆)**

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ( ၃၀-၄-၂၀၂၃ ) အစီအစဉ်**
**နံနက်ပိုင်း(၉:၀၀)နာရီ၊ အပိုင်း( ၇ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၁၃ မှ ၈၇၉ ) အထိ | (၂၀၂၂ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ ( ၄အ-၂ မှ ၂၉၇ ) အထိ | (၂၀၂၂ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ (၄ဒ-၁၆ မှ ၁၂၆ ) အထိ | (၂၀၂၂ အောင်)) |
| (၄) | ဝိဇ္ဇာဘွဲ့ | - | စိတ်ပညာ ( ၄စ-၁၃ မှ ၅၅ ) အထိ | (၂၀၂၂ အောင်) |
| (၅) | ဝိဇ္ဇာဘွဲ့ | - | အရှေ့တိုင်းပညာ ( ၄အရ-၁၁ မှ ၁၃ ) အထိ | (၂၀၂၂ အောင်) |
| (၆) | ဥပဒေပညာဘွဲ့ | - | ဥပဒေပညာ ( ၅ဥ-၃ မှ ၇၃ ) အထိ | (၂၀၂၂ အောင်) |
| (၇) | ဝိဇ္ဇာဘွဲ့ | - | စီးပွားရေးပညာ ( ၄စီး-၂ မှ ၃၁ ) အထိ | (၂၀၂၂ အောင်) |
| (၈) | ဝိဇ္ဇာဘွဲ့ | - | စီးပွားစီမံပညာ ( ၄စစ-၁ မှ ၈ ) အထိ | (၂၀၂၂ အောင်) |
| (၉) | သိပ္ပံဘွဲ့ | - | ဓာတုဗေဒ (၄ဓ-၄ မှ ၁၅၂ ) အထိ | (၂၀၂၂ အောင်) |
| (၁၀) | သိပ္ပံဘွဲ့ | - | ရူပဗေဒ (၄ရပ-၁ မှ ၁၉၈ ) အထိ | (၂၀၂၂ အောင်) |
| (၁၁) | သိပ္ပံဘွဲ့ | - | သင်္ချာ (၄သခ-၇ မှ ၁၉၆ ) အထိ | (၂၀၂၂ အောင်) |
| (၁၂) | သိပ္ပံဘွဲ့ | - | သတ္တဗေဒ (၄သတ-၁၉ မှ ၁၁၁ ) အထိ | (၂၀၂၂ အောင်) |
| (၁၃) | သိပ္ပံဘွဲ့ | - | ရုက္ခဗေဒ (၄ရခ-၃ မှ ၁၅၀ ) အထိ | (၂၀၂၂ အောင်) |

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ( ၃၀-၄-၂၀၂၃ ) အစီအစဉ်**
**မွန်းလွဲပိုင်း(၂:၀၀)နာရီ၊ အပိုင်း( ၈ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၈၈၀ မှ ၁၄၁၁ ) အထိ | (၂၀၂၂ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် ( ၄ပ-၂၇ မှ ၄၂၈ ) အထိ | (၂၀၂၂ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း ( ၄သ-၁၃ မှ ၆၆၇ ) အထိ | (၂၀၂၂ အောင်) |

***အစမ်းလေ့ကျင့်ရက် (၂၇-၄-၂၀၂၃) ရက်နေ့ မွန်းလွဲပိုင်း( ၂:၀၀ )နာရီ၊ အပိုင်း( ၇+၈ )**

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူသူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများ ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့် ဧည့်လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာ တင်ပြ၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ( အဝေးသင်ဌာန )တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ထုတ်ပေးမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| **နေ့ရက်** | - | (၂၀-၄-၂၀၂၃ မှ ၂၁-၄-၂၀၂၃)ရက်အထိ | အပိုင်း(၁+၂+၃+၄) |
| | | (၂၂-၄-၂၀၂၃ မှ ၂၄-၄-၂၀၂၃)ရက်အထိ | အပိုင်း(၅+၆+၇+၈) |
| **အချိန်** | - | နံနက်(၉:၀၀) မှ (၁၂: ၃၀) အထိ | |
| | | မွန်းလွဲပိုင်း ( ၁:၀၀ )မှ ( ၄:၀၀ ) အထိ | |
| **နေရာ** | - | အဝေးသင်ဌာန ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | |

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူသူများသည် ဆံပင်အရောင် ဆေးမဆိုးရ၊ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အမျိုးသားများ နားကွင်း၊ နားကပ် ဝတ်ဆင်ခွင့်မပြု၊ မြန်မာဝတ်စုံ သို့မဟုတ် တိုင်းရင်းသား ဝတ်စုံ သို့မဟုတ် အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်ရမည်။ (ဂျင်းဘောင်းဘီ၊ စပို့ရှပ် ၊တီရှပ်၊ ဂျာစီ) ဝတ်ဆင်ခွင့်မပြုပါ။

အမျိုးသမီးများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာဝတ်စုံ အင်္ကျီလက်ရှည်/ လက်စကဖြစ်ရမည်။ (သို့မဟုတ်) တိုင်းရင်းသား ဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ကြရမည်ဖြစ်ပါသည်။ အမျိုးသမီးများလုံချည်ကို ခြေသလုံးတစ်ဝက်အထိ လုံလုံခြုံခြုံ ဝတ်ဆင်ရမည် ဖြစ်ပါသည်။

သတ်မှတ်ထားသော စည်းကမ်းများနှင့် မကိုက်ညီပါက ဘွဲ့နှင်းသဘင်အခမ်းအနားသို့ လုံးဝ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၄။ အခြားသိရှိလိုသော အချက်များရှိပါက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း) ရုံးချိန်အတွင်း (၀၉-၂၅၈၈၃၂၀၉၂၊၀၉-၄၃၂၀၈၅၁၉၊၀၉-၄၅၅၃၆၅၃၈၄)ဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**


# မြန်မာရေးရာ MYANMAR AFFAIRS

မြန်မာရေးရာ(၂၃) (ဧပြီ၊ ၂၀၂၃)

ထွက်ပြီ




၂၀၂၃ ခုနှစ် ဧပြီလထုတ် မြန်မာရေးရာ အမှတ်စဉ် - ၂၃ တွင်

- ကစားကွက်သစ်များအလယ်မှ မြန်မာ
- ရွှေနိုင်ငံကို ဦးတည်ထား မြန်မာ့လက်များ ခိုင်ခိုင်တွဲ
- မဟာဗျူဟာအမြင် ရှုထောင့်ဆိုသည်မှာ
- ဗမာ့တပ်မတော်၏အကြည်တော် မာရှယ်ဖုးကော့(စ်)
- ကျန်းမာမှုအတတ်ပညာဗျူဟာ
- အကြံညာဏ်ပေးပါ၊ ပိုတော်ကြောင်း သာကြောင်း မပြပါနှင့်
- ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုအမွေအနှစ်
- ရေလှောင်တမံနှင့် အများပြည်သူ၏အမြင်

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊လမ်းအထူးအဖွဲ့(၂၃) တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ တင်ဒါ အမှတ်စဉ်(၁ / ၂၀၂၃-၂၀၂၄)၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လမ်းအထူးအဖွဲ့(၂၃)၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများတွင် အသုံးပြုမည့် စံချိန်းစံညွှန်းမီ အရည်အသွေးပြည့်ဝသော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာ၍ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက်** | - | ၁၈-၄-၂၀၂၃ရက်၊ (အင်္ဂါနေ့) |
